# မြဝတီ

နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၆၂)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ တနင်္ဂနွေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာ ဆင်သော်တောက်ပ၏။ ပြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**❖ ယနေ့ကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့နှင့် အမျိုးသားအောင်ပွဲနေ့များတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ (၂)ဦး၊ သူရဘွဲ့ (၉) ဦး၊ သီရိပျံချီဘွဲ့ (၅) ဦး၊ ဇေယျကျော်ထင်ဘွဲ့ (၃) ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့(၉၆) ဦး၊ အလင်္ကာကျော်စွာဘွဲ့ (၅) ဦး၊ သိပ္ပကျော်စွာဘွဲ့(၂)ဦး၊ စုစုပေါင်း(၁၂၂)ဦးကို သက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းသွားမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့ဖြစ်သည့် စည်သူဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

နေပြည်တော် ဇန်နဝါရီ ၄

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု**

စာ - ၅ သို့

**အကျဉ်းသား/အကျဉ်းသူ ၅၈၆၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု**

စာ - ၂၆ သို့

**နိုင်ငံခြားသားအကျဉ်းသား/အကျဉ်းသူ ၁၈၀ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး**

စာ - ၂၆ သို့

**အကျဉ်းသား/အကျဉ်းသူများ၏ ပြစ်ဒဏ်ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြု**

စာ - ၂၆ သို့

**အကျဉ်းသား/အကျဉ်းသူ ၁၄၄ ဦး ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု**

စာ - ၂၆ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်)

# လွတ်လပ်ခြင်းကိုဆက်လက်သယ်ပိုးရှက်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယသည် တိုင်းရင်းသားပြည်သူများအတွက် အလွန်ပင်ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းသည့်နေ့ဖြစ်သည်။ လွတ်လပ်ခြင်းနှင့်အတူ ပျော်ရွှင်ကြည်နူးခြင်းတို့သည်လိုက်ပါလာသည်။ ပျော်စရာကောင်းသည့်နေ့မြတ်တစ်နေ့ကို မြန်မာတို့ပိုင်ဆိုင်ခွင့်ရရှိသည်မှာ ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ စည်းလုံးညီညွတ်ခြင်းအင်အား၊ တပ်မတော်တစ်ရပ်၏တည်ရှိမှုအင်အားများသည် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ စည်းလုံးညီညာပြည်သာယာဆိုသည့်အတိုင်း လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်တွင် စည်းလုံးညီညွတ်ခြင်းအင်အားဖြင့် လွတ်လပ်ရေးပန်းတိုင်ကိုလှမ်းကိုင်နိုင်ခဲ့ကြသည်။

မြန်မာတိုင်းရင်းသားတို့သည် အရေးကြီးသည့်အခါသွေးနီး၍ အရေးကြုံလျှင်သွေးဆုံကာ ပြည်နယ်၊ ပြည်မမခွဲခြားဘဲ တစ်သွေးတစ်သားတည်း တစ်အူထုံ့ဆင်းဆွေမျိုးရင်းစိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့်လွတ်လပ်ရေးကို  အရယူနိုင်ခဲ့ကြသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရင်းခံဖြစ်သကဲ့သို့ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ရေးသည် မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်နေထိုင်သည့်နိုင်ငံအတွက် ခါးဝတ်ပုဆိုးကဲ့သို့ အစဉ်အမြဲရှိနေရမည့် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံသားတိုင်းသည် မိမိတို့နေထိုင်သည့်နိုင်ငံတော်ကြီး မပျက်မစီး၊ မယိုယွင်းအောင်အစဉ်တစိုက် ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်သည်။ ထိုသို့ကာကွယ်နိုင်ရန်မှာ နိုင်ငံသူ၊ နိုင်ငံသားတို့၏စည်းလုံးညီညွတ်မှုအားဖြင့်သာ ရင်ဆိုင်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံတွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ရွာပြည်သူလူထုကို အကြောက်တရားကိန်းအောင်းစေရန် အနိုင်ကျင့်ဗိုလ်ကျမှုများ၊ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏ယန္တရားပျက်စီးအောင် အဖျက်အမှောင့်လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံတော်ကို အားအင်ချည့်နဲ့စေကာ နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုထိပါးစေနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာတွင် **“နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးမှာ ပြည်ထောင်စုသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သောကြောင့် “နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားကြပါရန်” အလေးအနက်တိုက်တွန်းအပ်ပါသည်”** ဟူ၍ ဖော်ပြပါရှိသည်။

မိမိတို့နေထိုင်သည့်  မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့တည်တံ့နေစေရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်သည်။ ခေတ်အဆက်ဆက် အသက်သွေးချွေးများရင်းနှီးပေးဆက်ခဲ့သော မြန်မာ့တပ်မတော်နှင့်မျိုးချစ်ပြည်သူများက ဦးဆောင်ဆင်နွှဲနေသည့် တရားသောစစ်အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ယုံကြည်စွာဝန်းရံပေးကြရမည်ဖြစ်သည်။ တပ်မတော်သည် ပြည်သူလူထုမှပေါက်ဖွားလာသော  ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်နေမည်ဖြစ်သည်။ တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှုတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံသားအားလုံး မြန်မာစိတ်မွေးပြီး“ငါတို့အားလုံးသည်မြန်မာ” (We are Myanmar) ဟူသော စိတ်၊ တစ်သွေးတစ်သားတည်း စည်းလုံးညီညွတ်သောအမျိုးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးသည်စီးပွားရေးပင်ဖြစ်သည်ဟုခံယူကာ ပြည်သူများစားဝတ်နေရေးပြေလည်မှုမှတစ်ဆင့် လူနေမှုအဆင့်အတန်းမြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း ပြည်တွင်းစီးပွားရေးအား၊ ပြည်တွင်းနိုင်ငံရေးခိုင်မာမှုအင်အား၊ ပြည်တွင်းကာကွယ်ရေးစွမ်းပကားဟူသော အားသုံးအားကိုကြိုးစားတည်ဆောက်သွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူများ၏ အနာဂတ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်လျက်ရှိပြီး လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့နိုင်ငံကြီးဖွံ့ဖြိုးတိုးတက်ပြီး လွတ်လပ်၍အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် အစဉ်အမြဲတည်ရှိနေရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

# နေပြည်တော်၌ ဓာတ်ဆီအရောင်းဆိုင် အမှတ်(၀၃၅၄) ဆိုင်ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော်  ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးဌာနအောက်ရှိ ဓာတ်ဆီအရောင်းဆိုင်များအနက် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးဘေးရှိ ဓာတ်ဆီအရောင်းဆိုင်အမှတ် (၀၃၅၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆိုင်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်  တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဟန်သူ၊ ညွှန်ကြားရေးမှူးချုပ် ဦးထက်သျှန်ဖြိုးနှင့် ဦးရွှေမော်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က ဓာတ်ဆီအရောင်းဆိုင်အမှတ် (၀၃၅၄) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများသည် ဓာတ်ဆီအရောင်းဆိုင်အမှတ်(၀၃၅၄) အတွင်း သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်များကို ပြည်တွင်းထုတ်ဓာတ်ဆီ (RON-68) ရောင်းချနေမှုကိုကြည့်ရှုအားပေးကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဓာတ်ဆီအရောင်းဆိုင်အမှတ် (၀၆၁၁)နှင့် (၀၆၁၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်အဆိုပါဆိုင်များ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဆိုင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်များကို ပြည်တွင်းထုတ်ဓာတ်ဆီ (RON-68) ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါဆိုင်များတွင် ပြည်တွင်းထုတ်ဓာတ်ဆီ (RON-68) တစ်လီတာ ငွေကျပ် ၂၂၀၀ ဖြင့် နံနက် ၆ နာရီမှ ည ၆ နာရီအထိ နေ့စဉ် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သဇင် (FM) အသံလွှင့်အစီအစဉ်

၅-၁-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ | ၃။ ၁၃:၃၀ | Music Crazy |
| | | ၄။ ၁၄:၅၅ | Sporty Zone |
| ၂။ ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ | ၅။ ၁၈:၂၀ | Relaxing Moment |
| | | ၆။ ၂၁:၄၀ | အသံလွှင့်ဓာတ်လမ်း |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail:  mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့စစ်ရေးပြအခမ်းအနားကျင်းပစဉ်။




နေပြည်တော် ဇန်နဝါရီ ၄

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ စစ်သမီးများတက်ရောက်ကြပြီး

**စာမျက်နှာ ၄ သို့ ❒**



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့စစ်ရေးပြအခမ်းအနားကျင်းပစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကျင်းပစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။





အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။





အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနားကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြ အခမ်းအနားကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပစဉ်။

❐ **စာမျက်နှာ ၃ မှအဆက်**

အခမ်းအနားတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး အားကစားနည်းများအလိုက် ဆုရရှိသူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စခန်းမှူးနှင့်တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

အလားတူ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် အသီးသီး ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး စစ်ရေးပြအစီအစဉ် အတိုင်း ကျင်းပပြုလုပ်ကြသည်။

၎င်းအပြင် တိုင်းစစ်ဌာနချုပ်များအလိုက် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများပြုလုပ်



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် မန္တလေးနန်းမြို့ရှိ ရတနာပုံဥယျာဉ်၌ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်၌ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပနေမှုကိုတွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပနေမှုကိုတွေ့ရစဉ်။



နေပြည်တော် ဇန်နဝါရီ ၄

ယနေ့သည် မြန်မာတစ်မျိုးသားလုံး ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ရသော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်နှင့်အညီ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားများ၊ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

၎င်းအပြင် တန်ခိုးကြီးဘုရားစေတီများ၊ ပန်းခြံများ၊ အများနှင့်သက်ဆိုင်သောနေရာများ၌ ဘုရားဖူးမြော်သူများနှင့် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများ၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုမီးအလှများ ထွန်းညှိခြင်းများဆောင်ရွက်ကြရာ လာရောက်ကြည့်ရှုသူ မိဘပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၂၃၈၄၂ ဗိုလ်မှူးချုပ်မျိုးရွှေ(ကိုယ်စား) ဇနီး ဒေါ်တင်သူသူခိုင်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၃၀၀၇၆ ဗိုလ်မှူးချုပ်တင့်နိုင်ထွန်း(ကိုယ်စား) ဇနီး ဒေါ်ရွှေရီသန်းအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၃၀၀၉၁ ဗိုလ်မှူးချုပ်ကြည်ရွှင်(ကိုယ်စား) ဇနီး ဒေါ်သီတာခိုင်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်စည်သူထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ **စာမျက်နှာ ၆ သို့** ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၃၂၂၇၈ ဗိုလ်မှူးချုပ်ဉာဏ်လင်းထက်(ကိုယ်စား)ဇနီး ဒေါ်ယဉ်အေးသွယ်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၂၆၈၈၆ ဗိုလ်မှူးကြီးဇော်မင်းထက်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၃၁၄၈၈ ဒုတိယဗိုလ်မှူးကြီးအောင်ဇော်လင်းအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၃၈၆၆၀ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်အောင်(ကိုယ်စား) ဒုတိယဗိုလ်မှူးကြီးဟန်နိုင်စိုးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကြည်း ၄၁၁၇၈ ဗိုလ်မှူးထိန်လင်းထက်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ လေ ၃၂၄၅ ဗိုလ်မှူးမင်းမင်းဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ လေ ၃၃၃၄ ဗိုလ်မှူးချမ်းမြေ့ကိုကို(ကိုယ်စား) ဖခင်ဦးခင်မောင်လွင်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကိုယ်ပိုင်အမှတ် ၄၆၄၂၅ တပ်ကြပ်/၁၂ ကြည်ဖြိုးဝေ(ကိုယ်စား) မိခင်ဒေါ်ရီရီမြင့်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကိုယ်ပိုင်အမှတ် တ-၃၀၄၆၀၉ တပ်ကြပ်ကျော်သိန်း(ကိုယ်စား) ဇနီးဒေါ်ရွှေဝါခိုင်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကိုယ်ပိုင်အမှတ် တတ-၁၃၃၇၆၀ ဒုတိယတပ်ကြပ် နေသူရဦး(ကိုယ်စား) ဖခင် ဦးမန်းခွာစောအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကိုယ်ပိုင်အမှတ် ၉၁၃၆၂ တပ်ကြပ်ခင်သိန်းဇနီး ဒေါ်အေးယဉ်(ကိုယ်စား) သား မောင်အောင်ဖြိုးဝေအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

■ **စာမျက်နှာ ၅ မှအဆက်**

တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိစစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သမိုင်းပေးတာဝန်များကို ထမ်းဆောင်ရာတွင် **"ရဲသော်မသေသေသော်ငရဲမလား"** ဟူသည့် စိတ်ဓာတ်ခံယူချက်တို့ဖြင့် မိမိတို့၏ အသက်ခန္ဓာကို စွန့်လွှတ်ပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးသယ်ပိုးခဲ့ကြသည့် နိုင်ငံ့သားကောင်းများကို လွတ်လပ်ရေးနေ့အခါသမယရောက်တိုင်း နိုင်ငံတော်အနေဖြင့် ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ

**စာမျက်နှာ ၇ သို့** ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။

■ **စာမျက်နှာ ၆ မှအဆက်**

ယှဉ်တွဲပေါ်ပေါက်ခဲ့သည့်မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ကိုလိုနီစနစ်၏ နောက်ဆက်တွဲစိန်ခေါ်မှုမျိုးစုံကို ကြံ့ကြံ့ခံကာကွယ်ခဲ့ရကြောင်း၊ နိုင်ငံရေးအရ၊ စစ်ရေးအရဖန်တီးလာသည့် ပြည်တွင်းပြည်ပအန္တရာယ်များကြားတွင် မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသမျှတာဝန်များကို မညည်းမညူကျေပွန်အောင်ထမ်းဆောင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲဂိုဏ်းဂဏစွဲကြောင့် ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးသယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီးဖြစ်ကြောင်း။

တိုင်းပြည်ကာကွယ်ရေးအတွက် စစ်မြေပြင်တွင် ရှေ့တန်းကျကျ တိုက်ပွဲဝင်နေကြရသည့်တပ်မတော်သားများကဲ့သို့ပင် တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်ရဲမေများနှင့် မိသားစုဝင်များသည်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြီးသည့် အရန်အင်အားများပင်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်ပီပီ သင်ကြားတတ်မြောက်ထားသည့် စစ်ပညာများဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အသက်ကိုပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်တွေ့မြင်ကြရကြောင်း။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်ကြောင်း၊ သို့မှသာ အခြေခံအဆောက်အဦများတည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည့် ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာလူတစ်စု၏ ကိုယ့်အကျိုးအတ္တကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ ဘဝများပင် ထိခိုက်နစ်နာနေရဦးမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေး လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများကိုပေးရမည်မှာ မိမိတို့တပ်မတော်၏ တာဝန်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့မည်သည့် လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်း မရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲမှုမရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၃၄ ဦးကို ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့် လက်မှတ်ရသူများကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ အများတကာလုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့် တာဝန်များကို ရင်ဆိုင်ကြုံတွေ့လာချိန်တွင် စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် စွမ်းဆောင်ခဲ့သူများပင်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုး အတွက် မည်သည့်အခက်အခဲကိုမျှ အမှုမထားဘဲ အသက်ခန္ဓာကိုစွန့်လွှတ်နိုင်သည် အထိ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ ပြောင်မြောက်သည့် သူရသတ္တိများဖြင့် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်သားကောင်းတစ်ယောက်တွင်ရှိအပ်သည့် ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ဓာတ်များဖြင့် တာဝန်ထမ်းဆောင်မှုများအတွက် အထူးပင်ဂုဏ်ယူမိသကဲ့သို့ ဆုတံဆိပ်များ ချီးမြှင့်ခြင်းမခံရသော်လည်း တက်ညီလက်ညီ စွမ်းဆောင်ခဲ့ကြသူအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ တပ်မတော်စွမ်းရည်သတ္တိနှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ၊ လက်မှတ်များ အပ်နှင်းခြင်းခံကြရသူများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အခြားနိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင် အမိနိုင်ငံတော်နှင့်ပြည်သူတို့အတွက် လေးနက်မွန်မြတ်သည့်ခံယူချက်ဖြင့် ကျရာတာဝန်များကို ဖွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြောင်း၊ ထိုကဲ့သို့ မှတ်တမ်းကောင်းရေးထိုးခဲ့ကြသူများဖြစ်၍လည်း ပြည်သူ့သားကောင်းအာဇာနည်များအဖြစ် အစဉ်အသိအမှတ်ပြု လေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိရင်းစွဲ ယုံကြည်ချက် ခံယူချက်ကောင်းများဖြင့် လွတ်လပ်ရေးအမွေကို နောင်မျိုးဆက်သစ်များဆီ လက်ဆင့်ကမ်းပေးနိုင်သည့် နိုင်ငံ့သားကောင်းဇာနည်များဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးချုပ် ၄ ဦး၊ ဗိုလ်မှူးကြီး ၂ ဦး၊ ဒုတိယဗိုလ်မှူးကြီး ၈ ဦး၊ ဗိုလ်မှူး ၉ ဦး၊ ဗိုလ်ကြီး ၄ ဦး၊ အရာခံဗိုလ် ၁ ဦး၊ တပ်ကြပ်ကြီး ၁ ဦး၊ တပ်ကြပ် ၃ ဦး၊ ဒုတိယတပ်ကြပ် ၂ ဦးတို့အား ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများနှင့် အမွေခံများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❖ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်ပင်ဖြစ်၊ သမိုင်းပေးတာဝန်များကိုထမ်းဆောင်ရာတွင် "ရဲသော်မသေ သေသော်ငရဲမလား" ဟူသည့် စိတ်ဓာတ်ခံယူချက်တို့ဖြင့် မိမိတို့၏အသက်ခန္ဓာကို စွန့်လွှတ်ပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးသယ်ပိုးခဲ့ကြသည့် နိုင်ငံ့သားကောင်းများကို လွတ်လပ်ရေးနေ့အခါသမယရောက်တိုင်း နိုင်ငံတော်အနေဖြင့် ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိ . . .**

**❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများကင်းဝေးရန်ပင်ဖြစ် . . .**

**❖ ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည့်ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာလူတစ်စု၏ ကိုယ့်အကျိုးအတ္တကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ ဘဝများပင်ထိခိုက်နစ်နာနေရဦးမည်ဖြစ်၊ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေး လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများကိုပေးရမည်မှာ မိမိတို့တပ်မတော်၏တာဝန်ပင်ဖြစ်၊ ကမ္ဘာ့မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်း မရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲမှုမရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ် . . .**

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ တစ်ချိန်တည်း တစ်ပြိုင်တည်း အသီးသီးကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ စာမျက်နှာ ၉ သို့ ➤


နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စီးလှိုင်က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။


အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။

➤ စာမျက်နှာ ၈ မှအဆက်

အသီးသီးပြောကြားကြသည်။ ထို့နောက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ရရှိကြသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများနှင့် တာဝန်ရှိသူများက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ရရှိကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်စဉ်။

# လွတ်လပ်ရေး၏အရသာ

* ငြိမ်းချမ်းစွာ အတူယှဉ်တွဲ
သွေးမကွဲ ထာဝစဉ်။
မြန်မာပြည် တိုင်းရင်းသား
ညီနောင်များပင်။
တောင်ပေါ်နှင့် မြေပြန့်တွင်
ပေါင်းကူးပြင် တိုးတက်ရေး။
စည်းကမ်းဆောင် စနစ်ကောင်းနဲ့
ထိန်းကျောင်းစို့လေး။

* မြန်မာပြည် လွတ်လပ်ရေး
ထွတ်မြတ်တွေး အရသာ။
လွတ်လပ်စွာ နေထိုင်ရင်းနဲ့
ချစ်ခြင်းများစွာ။
လွတ်လပ်မှု တန်ဖိုးမှာ
မြတ်နိုးရာ ထိန်းသိမ်းဖို့။
တို့ပြည်သူ တိုင်းရင်းသား
ကြိုးစားကြစို့။

* ဘက်ပေါင်းစုံ အဆင့်မြင့်
ဂုဏ်ယူတင့် ရှိစေရန်။
ဝိုင်းဝန်းကာ သွေးချင်းများ
နိုးကြားမွမ်းမံ။
ကောင်းမြတ်သော အတွေးအကြံ
အသိဉာဏ် ဖြည့်စွမ်း။
လက်ကမ်းသယ် အနာဂတ်
မွန်မြတ်စွာလှမ်း။ ။

မောင်မျိုးချစ်(အညာမြေ)

# မန်းရွှေစက်တော်ဘုရားဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဖေဖော်ဝါရီလ ၂ ရက်မှစ၍ (၇၅)ရက်တိုင်တိုင် ကျင်းပသွားမည်

မင်းဘူး ဇန်နဝါရီ ၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာ ဖေဖော်ဝါရီလ ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကာ ပွဲတော်ရက်ပေါင်း (၇၅)ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေစေရန် တည်းခိုဆောင်အခန်းပေါင်း ၆၀၀ ကျော်နှင့် ဈေးဆိုင်ခန်းပေါင်း ၈၀၀ ကျော် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ရပ်ဝေး ရပ်နီးမှ ဘုရားဖူးလာရောက်ကြမည့် ဘုရားဖူး ရဟန်းရှင်လူ မိဘပြည်သူများအား တည်းခိုဆောင်များ၌ ညအိပ်တည်းခို နားနေခွင့်ပြုမည်ဖြစ်ပြီး စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မန်းရွှေစက်တော်ဘုရားပွဲတော် ကျင်းပနိုင်ရန် မန်းချောင်းရေလမ်းကြောင်းလွှဲခြင်း၊ အောက်စက်တော်ရာ နဂါးအိုင်ပြုပြင်ခြင်း၊ အတွင်းသောင်ပြင်ပြုပြင်၍ တည်းခိုဆောင်နှင့် ဆိုင်ခန်းနေရာများ ဆောက်လုပ်နိုင်ရန် မြေနေရာရှင်းလင်းခြင်းနှင့် မြေနေရာသတ်မှတ်ခြင်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း၊ ဘုရားပရဝဏ်အတွင်း ထုံး၊ ဆေးသုတ်ခြင်းလုပ်ငန်းများအပြင် တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအားလုံးကို ဘုရားပွဲတော်ရက်မတိုင်မီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မန်းရွှေစက်တော်ဘုရားအောက်စက်တော်ရာ(ခြေတော်ရာ)အား ဘုရားဖူးလာရောက်ကြသူများ အလွယ်တကူ အဆင်ပြေချောမွေ့စွာ သွားရောက်ဖူးမြော်နိုင်ရန်အတွက် ယခင်နှစ်က တည်ဆောက်အသုံးပြုခဲ့သော ဘေလီသံပေါင် အထူးတံတားကို ယခုရက်ပိုင်းအတွင်း အပြီးတပ်ဆင်သွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောပြသည်။

မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိကျင်းပလေ့ရှိကြောင်း၊ ယခုနှစ် ဘုရားပွဲတော်ရက်ကာလမှာ ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ မဟာသင်္ကြန်ရုံးပိတ်ရက်အပါအဝင် ပွဲတော်ရက်ပေါင်း ၇၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း၊ အဆိုပါဘုရားပွဲတော်သည် မြန်မာနိုင်ငံအတွင်းရှိ ဘုရားပွဲတော်များအနက် ရက်အရှည်ကြာဆုံးနှင့် ထင်ရှားကျော်ကြားသည့် ဘုရားပွဲတော်ကြီးတစ်ခုဖြစ်ကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလေ့ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ် (၁/၂၀၂၅)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် (၁/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ၆ ပုံ ၁ ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အမိန့်အမှတ် (၂/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား/ အကျဉ်းသူ ၅၈၆၄ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၃/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၁၄၄ ဦးကို ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် အမိန့်အမှတ် (၄/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၈၀ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ် ပေးလိုက်ခြင်းတို့ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကြိုဆိုအပ်ပါသည်။

၂။ ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်နိုင်ကြမည်ဖြစ်ပါသည်။ နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များလျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို အထောက်အကူဖြစ်စေသည့် ဆောင်ရွက်ချက်ဖြစ်သည်ဟု ရှုမြင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများ၏ သက်ဆိုင်ရာမိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိဖြစ်ရပြီး အလားတူ အပြုသဘောဆောင်သော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၆:၀၃ | တရားတော် | ၁၁။ ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၂။ ၀၇:၁၅ | မေတ္တာပို့ | ၁၂။ ၁၇:၀၀ | သုတရသစုံလင် ဗဟုသုတပုံပြင် |
| ၃။ ၀၇:၂၅ | ဓမ္မပူဇာတေး | | |
| ၄။ ၀၈:၀၀ | မြဝတီရုပ်မြင် သံကြားသတင်း | ၁၃။ ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၅။ ၀၉:၀၀ | အမှတ်တရ နေ့ရက်များ | ၁၄။ ၁၈:၃၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၆။ ၁၀:၀၀ | စာပေနှင့်အနုပညာ သတင်း | ၁၅။ ၁၉:၀၀ | **ရုပ်မြင်သံကြား ဇာတ်လမ်း ဆန်ရေ (ပထမပိုင်း) သရုပ်ဆောင် ညွန့်ဝင်း၊ လွင်မိုး၊ မြင့်မြင့်ခိုင် ဒါရိုက်တာ ကြည်စိုးထွန်း** |
| ၇။ ၁၁:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး | | |
| ၈။ ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | | |
| ၉။ ၁၃:၀၀ | အိုဘယ့်သခင် တေးနုယဉ် | | |
| ၁၀။ ၁၄:၀၀ | သတင်းသုံးသပ်ချက် | | |

# မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း၏အနှစ်သာရများနှင့် ဆောင်ရွက်ရမည့်အမျိုးသားရေးတာဝန်များ

**ဦးကျော်ကျော်(စည်းရုံးရေး)**

> **E ဤစာတမ်းအရ မိမိတို့နိုင်ငံသည် မြေထူးမြေမြတ်မြေမွန်ဖြစ်ကြောင်း၊ ရွှေပဝေသဏီကပင် တိုင်းရင်းသားပေါင်းစုံတို့ ချစ်ကြည်ရင်းနှီးစွာမှီတင်းနေထိုင်ခဲ့ကြောင်းသိရ . . .**
>
> **E ကိုယ့်နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုအပ်မည်ဖြစ်ပြီး ကိုယ့်နိုင်ငံကိုအထင်ကြီး လေးစားသည့်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ဇာတိဂုဏ်၊ ပုညဂုဏ်၊ ညီညွတ်သောဂုဏ် တို့ဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ အစွန့်ရှည်တည်တံ့ရေးကြိုးပမ်းရန် ဆောင်ရွက်သွားရမည်ဖြစ်. . .**

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတော့မည့်အချိန်တွင် ကမ္ဘာသို့ကြေညာရန် စာတမ်းတစ်စောင် လိုအပ်လာသည်။ ထိုစာတမ်းကို စာပေပညာရှင်များဖြစ်ကြသည့် စာရေးဆရာ ဆရာကြီးဇော်ဂျီ (ဦးသိန်းဟန်)၊ ဆရာကြီးမင်းသုဝဏ်(ဦးဝန်)၊ ဆရာကြီးတက်တိုး(ဦးအုန်းဖေ)၊ ဆရာကြီးဇေယျ(ဦးယော)၊ ဆရာကြီးတင့်တယ် (ဦးဝင်းစိန်)တို့က ပြုစုကြရသည်။ ပြုစုပြီးမြန်မာမူစာတမ်းကို ပညာရှင်များဖြစ်ကြသည့်ဦးသန့်(နောင်-ကုလသမဂ္ဂအတွင်းရေးမှူးချုပ်)၊ စာရေးဆရာ ဦးခင်မောင်(တောသား)၊ဦးခင်ဇော်(ကေ)နှင့်ဒေါက်တာမောင်မောင် (နောင်-သမ္မတ)တို့အား အင်္ဂလိပ်ဘာသာပြန်ဆိုရန် တာဝန်ပေးခဲ့သည်။ မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကမ္ဘာတည်သရွေ့ ခိုင်မာစွာတည်ရှိနေမည့်မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းတွင် အပိုဒ်ခြောက်ပိုဒ်ပါဝင်၍ လွတ်လပ်ရေး တိုက်ပွဲဝင်ခေါင်းဆောင်ကြီးများ၏ ထိုစဉ်က မျှော်မှန်းခဲ့သည့် လွတ်လပ်ရေးအနှစ်သာရကို နားလည်ခံစားနိုင်စေရန်နှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များပွားများလာစေရန် မူရင်းအတိုင်းဖော်ပြလိုက်ပါသည်။

**မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း**

**အောင်စေသတည်း**

၁။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် (အင်္ဂလိပ်သက္ကရာဇ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်) တနင်္ဂနွေနေ့ ကောင်းမြတ်သန့်စင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောအခါ၌ ဤငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သောအချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ရောက်ပြီ။

ကြေညာစာတမ်းကို "အောင်စေသတည်း" နှင့်အစချီလိုက်သည်။ အင်္ဂလိပ်နယ်ချဲ့လက်အောက်မှလွတ်မြောက်ပြီး လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတော်အဖြစ်ရောက်ပြီဟု နိဒါန်းသွယ်ခြင်းဖြစ်သည်။

၂။ ဤငါတို့မြန်မာနိုင်ငံတော်ကြီးသည် လိုရာမတပြည့်စုံလှ၍ ဘူမိနက်သန်မှန်သော မြေထူးမြေမြတ်လည်းဖြစ်၏။ မွန်မြတ်သန့်စင်သော တရားထူးတရားမြတ်တည်ရာ မြေကောင်းမြေမွန်လည်းမှန်၏။ မြေတွင်းမြေပြင်အထူးထူးသောရတနာအပေါင်းတို့နှင့်ပြည့်စုံသဖြင့် သတ္တဝါအပေါင်းတို့ ဆွတ်ယူစားသုံးကမ္ဘာဆုံးသော်လည်း မသုဉ်းမကုန်နိုင်သော ပဒေသာစစ် အနှစ်သာရကြွယ်ဝပြည့်စုံသောမြေလည်းဖြစ်၏။ ဘူမိနက်သန်မှန်လှထူးချွန်ဤမြေမွန်မြေမြတ်၌ ရှမ်း၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ စသည်ဖြင့် တသွေးတသားတမိဖွားဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ သင်္ချာပွားတက် ရေတွက်ခြင်းငှာ မတတ်နိုင်ရာသော ရာဇဝင်ရှည်ဝေး ရှေးပဝေဏီမှစ၍ တညီတညွတ် တစုတရုံး လွတ်လပ်သောအမျိုးအဖြစ်တည်ခဲ့ကြ၏။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် ထို့နောက်မန္တလေးအထိ ငါတို့၏လွတ်လပ်ရေးသည် နေရောင်လဝါပမာကဲ့သို့ တဖြာဖြာတဝင်းဝင်းကမ္ဘာချဉ်းအောင် ထွန်းလင်းခဲ့ပေ၏။ သို့ရာတွင် ကမ္ဘာ့တန်ဆာ ကာလသချော်တည်နေအပ်သော နေမင်းသူရိယာလစန္ဒာတို့ပင် ဆီးနှင်းသူရိန် ဖုံးအုပ်၍ ခေတ္တခဏအရှိန်အဝါ ညှိုးလျော်နွမ်းလျ မထွန်းမပဖြစ်ဘိသကဲ့သို့ ငါတို့၏လွတ်လပ်သော မြန်မာနိုင်ငံတော်သည်လည်း လွန်ခဲ့သည့်နှစ်ပေါင်းလေးရာခန့်က ဥရောပတိုက်မှထွက်ပေါ်လာ၍ တကမ္ဘာလုံးကို ရစ်ပတ်အုပ်ဖုံးခဲ့သော နယ်ချဲ့ဝါဒကြီးနှင့်မရှောင်မကွင်းသာကြုံကြိုက်တွေ့ဆုံမိ၍ ပဌမ အင်္ဂလိပ်-မြန်မာစစ်၌ ရခိုင်-တနင်္သာရီ၊ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်၌ ဟံသာဝတီ-ပဲခူး၊ တတိယ အင်္ဂလိပ်-မြန်မာစစ်၌ မန္တလေး ရတနာပုံ သုံးကြိမ်သုံးတန်ချအပ်ရခြင်းဖြင့် ဤမြေထူးမြေမြတ်၌ နှစ်ပေါင်းထောင်ရာ စောင့်ထိန်း၍လာခဲ့ကြသော ငါတို့၏လွတ်လပ်ရေးသည် ငါတို့လက်မှလွတ်၍ လက်အောက်ခံဘဝသို့ လုံးဝရောက်ခဲ့ကြရသည်။ သို့သော်နေမင်းသူရိယာလစန္ဒာတို့ကို ဆီးနှင်းမြူတိမ်တို့သည်မည်သို့ပင်ဖုံးလွှမ်းစေကာမူနေလတို့၏ အရှိန်အတောက်ကိုမခံနိုင်ရကား ခေတ္တမှနှင့်ပင် လွင့်စဉ်ကွယ်ပျောက်၍ နေဝါလရောင်သည် ပကတိအရေကိုပြန်၍ ဆောင်လေဘိသကဲ့သို့ ငါတို့အပေါ်၌ လွှမ်းဖုံးအုပ်သောနယ်ချဲ့ဝါဒသည် ငါတို့၏ ကမ္ဘာရှည်မြင့်ရင့်မာလှသော လွတ်လပ်ရေးစိတ်ဓာတ်၏ အရှိန်အတောက်ကိုမခံနိုင်ရကား ခြောက်ဆယ့်တနှစ်တလနှင့် တရက်သော အခိုက်အတန့်ကလေးမှာပင် အလိုအလျောက် ကွယ်ပျောက်သွားရသဖြင့် ဤနေ့ဤအခါမှစ၍ ငါတို့သည် အသူရိန်ခံတွင်းမှ ရှင်းရှင်းကြီးလွတ်မြောက်အပ်သော လပြည့်စန်းပမာ သန့်ရှင်းစင်ကြယ် ချမ်းမြေ့သာယာစွာဖြင့် လုံးဝလွတ်လပ်သောဘဝထူး ဘဝမြတ်ကိုလက်ဆုပ်လက်ကိုင်အပိုင်ရရှိကြပြီ။

အပိုဒ်(၂)တွင် မြန်မာနိုင်ငံသည် တိုင်းရင်းသားတို့ နှစ်ရှည်တည်ကြာစည်းရုံးညီညွတ်စွာ နေထိုင်ခဲ့ကြောင်း၊ နယ်ချဲ့ကျူးကျော်စစ်ကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ကြောင်း၊ ယခုအခါလုံးဝလွတ်လပ်ရေးရပြီဖြစ်ကြောင်း ရေးသားထားသည်။

၃။ ယခုငါတို့ရရှိအပ်သောလွတ်လပ်ရေးသည် ရေတွင်ရုပ်ရေးမြဲသွေးကောင်းကင် တိမ်ရိပ်ထင်သကဲ့သို့သော လွတ်လပ်ရေးမဟုတ်၊ ငါတို့အားလွတ်လပ်ရေးလမ်းစဉ်သို့ ညွှန်လည်းညွှန်ပြ လမ်းစရှာကြံအမြန်ရောက်အောင်ပို့ဆောင်ပေးခဲ့ကြပေသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အဝဝသော ကူးတို့မှူးခေါင်းဆောင်ကြီးတို့၏ မဆုတ်မနစ်သောလုံ့လ မလျော့သောဗွဲဝီရိယ ဆီမီးတန်ဆောင်ကဲ့သို့ ထွန်းပအပ်သော ဉာဏ်မျက်စိ၊ ဝရဇိန်သွားကဲ့သို့ စူးရှသော သတ္တိတို့ကြောင့် အဟံ မမ သံပ ကြုံးဝါးအခြားအခြားလွတ်လပ်သောနိုင်ငံကြီးတို့နှင့်တန်းတူ မြူတခြမ်းမျှမလျော့မလို ထိုထိုသောတန်ခိုးရှိန်ဝါတေဇာအပေါင်းတို့နှင့်ပြည့်စုံသော အချုပ်အခြာတည်းဟူသော အာဏာအထူးအမြတ်ကို ငါတို့လက်ကိုင်အပိုင်ရရှိကြပြီ။

တတိယအပိုဒ်တွင် လွတ်လပ်ရေးရအောင်စွမ်းဆောင်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်ကြီးများကို ကူးတို့မှူးများအဖြစ် တင်စားခဲ့သည်။ ထိုခေါင်းဆောင်ကြီးများ၏ လုံ့လ၊ ဝီရိယ၊ ဉာဏ်မျက်စိ၊ သတ္တိတို့ကြောင့် လွတ်လပ်ရေးရရှိခဲ့ကြောင်း၊ အခြားနိုင်ငံကြီးများနှင့်တန်းတူအချုပ်အခြာပိုင်သည့် လွတ်လပ်သည့် နိုင်ငံဖြစ်လာကြောင်း ကျေးဇူးတရားကိုဖော်ထုတ်ပြခဲ့သည်။

၄။ ငါတို့သည် တမျိုးဘာသာ တစိတ်တဒေသ၏ ကောင်းကျိုးချမ်းသာကို မလိုလား။ ကျောသားရင်သား သူကားငါကား ခွဲခြားခြင်းကိုအလိုမရှိ။ မြစ်ချောင်းသီတာသမုဒ္ဒရာတောင်တန်းတို့ဖြင့် ကမ္ဘာ့ဓမ္မတာ သဘာဝအပိုင်းအခြား ထင်ရှားစွာ သတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး ရှေးပဝေဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု သမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ဇာတိချက်ကြွေ နေထိုင်ရာ မြန်မာနိုင်ငံတော်တဝှမ်းကို တသွေးတသားတည်းဟူသောကြိုးထူး၊ တစိတ်တဝမ်းတည်းဟူသောကြိုးထူး၊ အလိုအလျောက်သဘာဝ အထောက်အပံ့ဖြစ်သာလျှင် ဖြစ်ပေါ်အပ်သောစေတနာတည်းဟူသော ကြိုးထူး ဤကြိုးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင်မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင်ငါတို့အပိုင်ရလေပြီ။

လုံးဝလွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ပြည်ထောင်စုအဖြစ်ဖွဲ့စည်းထားကြောင်း စတုတ္ထအပိုဒ်တွင် ဖော်ပြထားသည်။

၅။ ငါတို့နိုင်ငံတော်ကြီးသည် မည်သူတဦးတယောက် တဖွဲ့တသင်း၏အမွေအနှစ်မဟုတ်၊ မည်သူတဦးတယောက်တဖွဲ့တသင်း၏ ပုဂ္ဂလိကအပိုင်ပစ္စည်းမဟုတ်။ မည်သူတဦးတယောက် တဖွဲ့တသင်းက ချုပ်ကိုင်အနိုင်ယူအကျိုးခံစားအပ်သော နိုင်ငံမဟုတ်။ အတိတ်ကာလကရင်း၊ ယခုမျက်မှောက်တွင်ငှင်း၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌ငှင်းငါတို့ပြည်ထောင်စုအတွင်း၌ မှီတင်းနေထိုင်ကြသော ကြီးငယ်ဝေးနီး ကျား-မ မခြားသစ္စာတော်ခံနိုင်ငံသားဟူသ၍ ဒို့၏အမွေအနှစ် အပိုင်ပစ္စည်းအကျိုးခံစားရာဖြစ်သည်ဟူသော လူ့ဘာသာ၊ လူ့တရားနှင့်အညီ ကမ္ဘာဦးကာလ လူတို့၏စည်းရုံးမှု၌ လူအပေါင်းတို့၏သဘောဆန္ဒအရ လူအဝှမ်း၏အကျိုးကို ကောင်းစွာဆောင်ရွက်နိုင်အံ့သော ပုဂ္ဂိုလ်ကိုရွေးကောက်၍သမ္မတတင်မြှောက်ကြသော မဖောက်မပြန် မစွန်းမငြိ ပကတိသန့်ရှင်းဖြူစင်သော မူလလူ့ဝါဒနှင့် လျော်ညီစွာ စည်းကမ်းဥပဒေသချာထင်ရှားစွာ ပိုင်းခြားသတ်မှတ်တူညီသော တရား၊ တူညီသောအခွင့်အရေး၊ တူညီသော အဆင့်အတန်းအားဖြင့် ကမ္ဘာအရှည်တည်စိမ့်သောငှာ လူအပေါင်းတို့၏ဆန္ဒသာလျှင် အဓိကဖြစ်သော သမ္မတမြန်မာနိုင်ငံတည်းဟူသော မြတ်သောအဖြစ်ကို လက်ဆုပ်လက်ကိုင်ငါတို့အပိုင်ရပြီ။

ဤအပိုဒ်တွင် နိုင်ငံတော်ကို တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့၊ တစ်သင်း၏အမွေမဟုတ်။ အပိုင်ပစ္စည်းမဟုတ်၊ တူညီသောတရား၊ အခွင့်အရေး၊ အဆင့်အတန်းတို့ရှိပြီး တူညီသောဆန္ဒနှင့် သမ္မတနိုင်ငံတော်တည်ဆောက်မည်ကို ကြေညာထားခြင်းဖြစ်ပါသည်။

၆။ သိကြကုန်လော့။

ယနေ့မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ဤအချိန်မှစ၍ ငါတို့၏မူလအပိုင်ဖြစ်သော လုံးဝလွတ်လပ်ရေးကို ငါတို့ပြန်၍ယူပြီ။ တိုင်းရင်းသားအပေါင်းတို့သွေးစည်းညီညွတ်လျက် အခွင့်အရေး အဆင့်အတန်းတူညီသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကိုတည်ထောင်ပြီ။ ငါတို့လွတ်လပ်ရေးနှင့်ငါတို့နိုင်ငံတော်ကြီး၏သစ္စာကို ကမ္ဘာဆုံးတိုင်မယိမ်းမယိုင်တည်မည်၊ ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သောနိုင်ငံတို့ တရားသဖြင့်ကျင့်ဆောင်အပ်သောကျင့်ဝတ်ကိုစောင့်ရှောက်ကျင့်ဆောင်မည်၊ ငါတို့၏လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တပါးသူတို့၏လွတ်လပ်ရေးကိုလည်း ငါတို့လေးစားစောင့်စည်းမည်။ ငါတို့သည် ငြိမ်းချမ်းရေးကိုအလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့လိုလားသူများနှင့် လက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။

ဤငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန် ကြားသိစေသတည်း။ ။

နိဂုံးပိုဒ်ဖြစ်သည့် ဆဋ္ဌမပိုဒ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ထူထောင်ကြောင်း၊ လွတ်လပ်ရေးနှင့်နိုင်ငံတော်သစ္စာကို တည်မည်ဖြစ်ကြောင်း ကြေညာခြင်းဖြစ်သည်။ အလားတူလွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း ကြေညာခြင်းလည်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းကိုဖတ်ရသည့်အခါ ကြက်သီးမွေးညင်းထလောက်အောင်ပင် ခံစားရသည်ဟုဆိုလျှင်ပိုမည်မထင်။ နိုင်ငံတော်၏လွတ်လပ်သောနိုင်ငံ၏ဖြစ်တည်မှုကို မြန်မာစာပေ၏ခံ့ညားသည့်အရေးအသားဖြင့် ဖော်ပြထားသဖြင့် နှလုံးသားသို့ထိုးဖောက်လာနိုင်ခဲ့သည်။ ဤစာတမ်းအရ မိမိတို့နိုင်ငံသည် မြေထူးမြေမြတ် မြေမွန်ဖြစ်ကြောင်း သိလာခဲ့ရသည်။ ရွှေပဝေသဏီကပင် တိုင်းရင်းသားပေါင်းစုံတို့ ချစ်ကြည်ရင်းနှီးစွာမှီတင်းနေထိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ကိုယ့်နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုအပ်မည်ဖြစ်ပြီး ကိုယ့်နိုင်ငံကို အထင်ကြီးလေးစားသည့်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ဇာတိဂုဏ်၊ ပုညဂုဏ်၊ ညီညွတ်သောဂုဏ်တို့ဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ အစွန့်ရှည်တည်တံ့ရေးကြိုးပမ်းရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း (၇၇)နှစ်တိုင် သက်တမ်းကြာမြင့်ပြီဖြစ်သော မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်းက သတိပေးလျက်ရှိပါသည်။ ။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက အနုပညာရှင်များ၏ ကပြဖျော်ဖြေမှုများကိုကြည့်ရှုအားပေးကြစဉ်။

◆ **ကျောဖုံးမှအဆက်**

ဦးစွာ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမ ဥပစာမြက်ခင်းပြင်သို့ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့်အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များကိုရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှအနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုဆောင်ခန်းမ၌ပြုလုပ်သည့် ပဒေသာကပွဲကို ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ **စာမျက်နှာ ၁၂ သို့** ◆



# လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အတွက် တွဲလက်ညီညီရင်ဆိုင်ကာကွယ်

အသက်တမျှအရေးကြီးသည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အတွက် မြန်မာ့တပ်မတော်မှတိုင်းရင်းသားပြည်သူများနှင့် တွဲလက်ညီညီရင်ဆိုင်ကာကွယ်ခဲ့ခြင်း ကြောင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့နေခြင်းသာဖြစ်ပါသည်။ လွတ်လပ်ရေး နှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲ ရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လေးနက်စွာခံယူ စောင့်ထိန်းကြရမည့် ကျင့်ဝတ်တစ်ခုပမာ ထင်ရှားစွာတည်ရှိနေပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၄ - ၁ - ၂၀၂၅





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

◆ စာမျက်နှာ ၁၁ မှအဆက်

ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး တို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာ ဦးစီးဌာနတို့မှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါ(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးသီရိပျံချီမဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သောအသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည် (၁၀၀)

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် MSME ဈေးရောင်းပွဲတော် နှင့် တေးဂီတဖျော်ဖြေပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီမှ ည ၁၀ နာရီအထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ MSME ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲသို့ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် အထူး စည်ကားလျက်ရှိသည်။

ပြည်သူများသည် ဈေးရောင်းပွဲတော် တွင် ရောင်းချလျက်ရှိသည့် ပစ္စည်းများကို တပျော်တပါးလှည့်လည်ကြည့်ရှုဝယ်ယူ အားပေးကြသည့်အပြင် တေးဂီတဖျော်ဖြေ ရေးမဏ္ဍပ်၌ နိုင်ငံကျော်တေးသံရှင်များ၊ DJ အဖွဲ့များ၊ အကအဖွဲ့များနှင့် မျိုးဆက်သစ် တေးသံရှင်များ၏ မြူးကြွစွာသီဆိုဖျော်ဖြေ မှုများကို ပျော်ရွှင်စွာအားပေးကြည့်ရှုကြပြီး ညပိုင်းတွင်(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မီးရှူး မီးပန်းများ ပစ်ဖောက်ခဲ့ကြသည်။

ပွဲတော်တွင် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၁၆၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူ စားသောက်ကြသူများဖြင့် စည်ကားလျက် ရှိသည့်အပြင် ပွဲတော်အတွင်း စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံကြရာ သုံးဆောင်ကြသည့် ပြည်သူများဖြင့် အထူး စည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်လာပြည်သူများ အဆင် ပြေစွာသွားလာနိုင်စေရန် မော်တော်ယာဉ် များဖြင့် အခမဲ့ အသွားအပြန်ပို့ဆောင် ပေးလျက်ရှိသည့်အတွက် လာရောက် လည်ပတ်သူများ စိတ်ချမ်းမြေ့စွာ ပါဝင် ဆင်နွှဲခဲ့ကြသည်။



ပွဲတော်ကို သန့်ရှင်းသည့်၊ စည်းကမ်းရှိ သည့်ပွဲတော်ဖြစ်စေရန်အတွက် လာရောက် လည်ပတ်သည့်ပြည်သူများ အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်မည့် အမှိုက်ပုံးများ စီစဉ်ထားရှိသည့်အပြင် Mobile Toilet များ ကိုလည်း ထားရှိဆောင်ရွက်ပေးထား ကြောင်းသိရသည်။

ဇော်မင်းလတ်-MNA

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## ဂုဏ်ယူတတ်ခြင်း

ကျွန်ုပ်၏ဖခင်မှာ ကျွန်ုပ်ကဲ့သို့ 'လူစုံ' တစ်ယောက်မဟုတ်။ အလွန် 'ရိုး'သည့် အနွယ်အဆက်ဖြစ်၍ ဘိုးစဉ်ဘောင်ဆက် တိုင်အောင် သေအရက်ကို လျှာပေါ်တွင် မတင်ဖူးခြင်းကိုအသားယူ၍ ပြောလေ့ရှိသူ များဖြစ်ကြ၏။ ဖခင်မှာ ဆွေကြီးမျိုးကြီး ဖြစ်၍ ၎င်းနယ်တစ်ဝိုက်ရှိ ရွာများတွင်သူ၏ ဆွေမျိုးမရှိသော ရွာဟူ၍မရှိသည့်အပြင် ဆွေမျိုးများမှာလည်း စားနိုင်သောက်နိုင် အခြေအနေရှိကြသူများဖြစ်၍ အချို့မှာ လယ်မြေကော ကြွယ်ဝသူများဖြစ်ကြလေ သည်။ ကျွန်ုပ်ကြီးပြင်း၍ ရန်ကုန်သူရိယ တိုက်တွင် အယ်ဒီတာဖြစ်လာပြီးနောက် အခွင့်ယူ၍ ထိုနယ်သို့ အလည်အပတ် ရောက်ရာတွင် ဖခင်နှင့် ကျွန်ုပ်တို့ လှည်း တစ်စီးဖြင့် ဟိုရွာ၊ ဒီရွာ လှည့်လည်ကာ 'ငါ့သား အယ်ဒီတာဖြစ်လာပြီကွဲ့' ဟု ဆွေမျိုးများအား ပြောပြရခြင်း၊ 'ဒီဟာက ငါ့ညီကွဲ့၊ ဒီရွာမှာတော့ သူက မြေပိုင်ရှင် သူဌေးတစ်ယောက်ကွဲ့'ဟူ၍ ကျွန်ုပ်အား ပြောပြရခြင်းတို့ကြောင့် ဖခင်မှာ အမော သားရှိတော့သည်။ ဖခင်သည် မိခင်နှင့် မတူ၊ သူ၏ဆွေမျိုးအတွက်အတော်ဂုဏ်ယူ ချင်ရှာသည်။

## သီပေါမင်းကိုသာ မျှော်ကြခြင်း

ဖခင်သည် ရွာကျောင်းဘုန်းကြီး၏ ညီနှစ်ဝမ်းကွဲတော်သူဖြစ်၍ (ဟိုခေတ်က ထုံးစံအတိုင်း) ကိုရင်အဖြစ်နှင့် လေးငါး ခြောက်နှစ်ခန့်နေခဲ့ရာ အသက်ပြည့်သော အခါတွင် ရဟန်းခံရန် ဘုန်းတော်ကြီးက စိတ်ကူးထား၏။ တောရွာ၌ မွေးဖွားရသူ ဖြစ်သည့်အပြင် ဘုန်းကြီးကျောင်းတွင် နှစ်ပေါင်းအတန်ကြာ နေခဲ့ရသူလည်းဖြစ် သည်နှင့် အလွန့်အလွန် 'ရိုး' ရှာသည်။ သို့ရာတွင် ရဟန်းခံနိုင်သည့်အရွယ်သို့ ရောက်သောအခါ အတော်ပါးရည်နပ် ရည်ရှိပုံရသော သူ၏ဖခင်သည် ရဟန်းခံ ခြင်းကို အားမပေးဘဲ မန္တလေးမြို့သို့ဆင်း၍ သီပေါဘုရင်၏ လွှတ်ရုံးတွင် စာရေး ကလေးအဖြစ်နှင့် အမှုထမ်းရန် မိတ်ဆွေ တစ်ယောက်ထံတွင် အပ်နှံလိုက်လေသည်။ (ထိုခေတ်၌မူ စာရေးတိုင်းအား စာရေးကြီး ဟု မခေါ်ကြ။ 'စာရေးကြီး'ဆိုသူမှာ လွှတ်ရုံး တွင် ရောမအမှုထမ်းကြီးတစ်ယောက် ဖြစ်၍ သူ့အထက်တွင် ဝန်ထောက်၊ ထို့နောက် အတွင်းဝန်ဖြစ်လာနိုင်သူ တစ်ယောက်ဖြစ်လေသည်။) ၁၂၄၇ ခုနှစ် တွင် သီပေါဘုရင်ပါတော်မူ၍ ဖခင်မှာ အင်္ဂလိပ်အစိုးရလက်အောက်တွင်အမှုထမ်း နိုင်ခွင့်ရှိသော်လည်း (အမှုထမ်းသူများ လည်း နောက်ပိုင်းတွင် စစ်ကဲရာထူးအထိ တိုးတက်ကြသည်။) ဖခင်၏ဆွေမျိုးများက သီပေါဘုရင်ပြန်လာလိမ့်မည်ဟု ယုံကြည် မျှော်လင့်ကြသောကြောင့်ဖခင်အား အင်္ဂလိပ် လက်အောက်တွင် အမှုမထမ်းဖို့ဖျက်ကြ သည်။ ၁၂၅၀ ပြည့်နှစ်တွင် မိခင်နှင့် အကြောင်းပါ၍ ၁၂၅၁ ခုနှစ်တွင် ကျွန်ုပ် လူ့ပြည်သို့ ရောက်လာသည်။



## ဆရာတော်၏ကျေးဇူး

ကျွန်ုပ်၏အရပ်မှာ ဖခင်ထက် ၂ လက်မ ခန့်မြင့်၍ ၅ ပေ ၁၀ လက်မရှိသောကြောင့် အမျိုးအဆွေထဲတွင် အရပ်အမြင့်ဆုံး တစ်ယောက်အနေဖြင့် လူဖြစ်လာရသည်။ ဖခင်သည် 'လူရိုး လူကောင်း' ကြီး တစ်ယောက်ဖြစ်၍ ဒေါသနည်းသည်၊ နှိမ့်ချသည်၊ သိမ်မွေ့နူးညံ့သောစိတ်သဘော ရှိသည်၊ ကြောက်တတ်သည်၊ ဗဟုသုတ လိုလားသည်ဟု ကျွန်ုပ် နားလည်၏။ မိခင် ၏အဖေကမူ 'လူညံ့' တစ်ယောက်ဟုထင် သောကြောင့် သူ၏သမီးနှင့်ကောင်းကောင်း ကြီးသဘောမတူဟု ကျွန်ုပ်ကြားရဖူး၏။ သို့သော်ရိုးသားပုံရခြင်းတစ်ခုတည်းကြောင့် ပေးစားလိုက်ခြင်းဖြစ်သည်ဆို၏။ သို့ဆို သော်လည်း ဖခင်သည် စဉ်းစားဉာဏ်ခေလှ သူတစ်ယောက်မဟုတ်ပေရာ တောင်သူ မိရိုးဖလာအစဉ်အလာကြောင့် ခပ်နုံနုံရှိ ပုံရသော်လည်း မန္တလေးမြို့၌ ပုဂ္ဂိုလ်ထူး တစ်ပါးဖြစ်သော မြိတ်ဆရာတော်ဘုရား နှင့် တွေ့ဆုံရသည်တွင်မှ ဉာဏ်ပွင့်လင်း၍ (သူ့ခေတ်နှင့်သူ) လူတစ်လုံး သူတစ်လုံး ဖြစ်လာခဲ့လေသည်။ (စီးပွားရေးကို မဆိုလို၊ မိရိုးဖလာအယူအဆများကို စွန့်ပယ်ဝံ့ သည့်သတ္တိရှိခြင်းကို ဆိုလိုပါသည်။)

## ကျွန်ုပ်၏မိခင်

မိခင်မှာမူ မင်းတုန်းဘုရင်၏ 'စားတော်ကဲ' (ထမင်းဟင်းချက်ရသူ)မှ ပေါက်ဖွားခဲ့သူ ဖြစ်၏။ ထိုခေတ်၌မူ ရှင်ဘုရင်၏ 'ဖိနပ်ကိုင်၊ ထီးမိုး၊ ကွမ်းအစ်ကိုင်' စသော အမှုထမ်းများ ပင် မျက်နှာကြီးသော ခေတ်ဖြစ်၍ ထမင်း ဟင်းချက်ရသောအလုပ်မှာ ဂုဏ်ငယ်သည် ဟု မယူဆကြပေ။ ကျွန်ုပ်အဘိုး၏ ရာထူး ကို အကြောင်းပြု၍ ကျွန်ုပ်၏ မိခင်မှာလည်း အရွယ်ရောက်သောအခါတွင် 'မင်းနှစ်ပါး' တို့၏ 'စာတော်ဖတ်' ဖြစ်လာရသည်။ အရွယ် ငယ်သေးသောကြောင့် (၁၈ နှစ်သမီး) စာတော်ဖတ်ကြီးများဖြစ်ကြသည့် 'သခင်ကြီး' များလက်အောက်တွင် စာတော်ဖတ် ကလေးမျှသာ ဖြစ်ခဲ့ရသေးသော်လည်း မိခင်မှာ အလွန်အသံကောင်းလှသည်။ ကျွန်ုပ်ငယ်စဉ်က ပုခက်ထဲ၌ အိပ်မည် ပြုစဉ် မိခင်က တေးချင်းဆို၍ ပုခက်လွှဲ ခြင်းကို ဖခင်၏ဖိနပ်အလုပ်သမားများက နားထောင်ကြရသောကြောင့် ကျွန်ုပ်အိပ် မည့်အချိန်ကို စောင့်မျှော်နေကြသည်ဟု အလုပ်သမားများပြောကြသည်။ မိခင် သီဆိုတတ်ခြင်းမှာ ပတ်ပျိုး၊ ယိုးဒယား၊ သီချင်းကြီး သီချင်းခန့်မဟုတ်တဲ ရတု၊ ရကန်၊ ပျို့၊ အဲ၊ အိုင် စသည်တို့သာဖြစ်၍ ခံ့ညား လွန်းလှသော်လည်း အသံကောင်းသည့် အတွက်ကြောင့် နားထောင်၍ကောင်းခြင်း ကို ကျွန်ုပ်လည်း ကြားရဖူးသည်။ အသက် ၅၀ ကျော်ခန့်တိုင်အောင် အသံမပျက် သေးသဖြင့် ရံဖန်ရံခါ ကျွန်ုပ်တို့ သား၊ သမီး များ၏ တောင်းပန်ခြင်းကြောင့် ဆို၍ ပြရာခြင်းကိုလည်း ကျွန်ုပ်မှတ်မိသည်။ ကျွန်ုပ်မှာ မိခင်၏အသံကိုမမီသော်လည်း အချို့သော ပျို့ကြီးများကို မိခင်၏သင်ပြမှု ကြောင့် အတော်ကျနအောင် ဆိုတတ် သည်ဖြစ်၍ ဝါသနာပါသော မိတ်ဆွေများ အပေါ်၌ အသားယူခဲ့ရဖူးပါသည်။


## ဒေါသကြီးသောအမျိုး

ဖခင်၏စိတ် နူးညံ့သိမ်မွေ့သလောက် မိခင်မှာ စိတ်ဆတ်ခြင်း၊ စိတ်ထက်ခြင်း၊ စိတ်တင်းခြင်း၊ မဟုတ်မခံချင်တတ်ခြင်း၊ မကြောက်တတ်ခြင်း စသော အခြင်းအရာ တို့ရှိ၏။ တစ်နေရာ၌ မိခင်အား 'ဒေါသ ကြီးသော အမျိုး'ဟူ၍ ရေးသားခဲ့ဖူးရာ မိခင်၏အဖေ (ကျွန်ုပ်၏ အဘိုး) အကြောင်း ကို သတိရ၍ ရေးခဲ့ခြင်းဖြစ်၏။ ကျွန်ုပ် ငယ်စဉ်က မိခင်၏မောင်တစ်ယောက် (ကျွန်ုပ် ၏ဦးလေး)အား သူ့ထက်ကြီးသော လူ တစ်ယောက်က အနိုင်ကျင့်စော်ကား လိုက်ရာတွင် အဘိုးသည် အသားများ ဆတ်ဆတ်တုန်အောင် ဒေါသထွက်သည် နှင့် ထိုသူကို သွား၍ သတ်ပါတော့မည်ဟု ဓားကိုင်လျက် ထွက်သွားသဖြင့် ဆွေမျိုး အားလုံးက ဝိုင်း၍တောင်းပန်ကြသော် လည်းမရဘဲ ရှိရာတွင် ထိုလူ၏ဖခင်သည် အဘိုးအကြောင်းကို သိ၍ သားနှင့်အတူ ပြေးလာပြီးလျှင် အဘိုးအား ဝန်ချ တောင်းပန်ကြလေသည်။ သို့နှင့်လည်း အဘိုးက မကျေနိုင်သေးသည်နှင့် စော်ကား သူကိုယ်တိုင် နှစ်ချက် သုံးချက်မျှ 'အထောင်းခံ' ပြီးသည့်နောက်မှ ကျေနပ် လေတော့သည်။ ဤနေရာ၌ ထိုသားဖပြေး လာခြင်းမှာ အဘိုး၏ဒေါသကို ကြောက်၍ သာမဟုတ်။ 'စားတော်ကဲ' တစ်ယောက် ဟူသော ရာထူးကိုလည်း ရှိန်ကြပုံရသည်ဟု ကျွန်ုပ်ထင်မိ၏။ မြန်မာဘုရင်များ၏ မင်းမှုထမ်းများအား အင်္ဂလိပ်လက်ထက် ကျွန်ုပ်ငယ်စဉ်ကအထိ လေးစားမှုရှိကြ ခြင်းကိုလည်း ကျွန်ုပ်မှတ်မိသည်။

## အဘိုး၏သြဝါဒ

ကျွန်ုပ်၏အဘိုးမှာ ကျွန်ုပ် ၁၀ နှစ်သားခန့် အရွယ်တွင် ကွယ်လွန်လေရာ အဘိုး၏ စကားတစ်ခွန်းသည် ကျွန်ုပ်၏နားထဲ စွဲလျက်ရှိခဲ့၍ ကျွန်ုပ်အဖို့ရာ၌ ဝါသနာတစ်ခု ကဲ့သို့ ဖြစ်လာရပုံကို ဖော်ပြရပေဦးမည်။ တစ်နေ့သ၌ အဘိုးသည် ကျွန်ုပ်ဖခင် မရှိခိုက်တွင် သူ့သားများအကြောင်းကို မိခင်အား ပြောပြလျက်ရှိစဉ် 'ယောက်ျား ဆိုတာမျိုးဟာ မိန်းမမဟုတ်ဘူးသမီးရဲ့၊ 'စုံ' စေရမယ်၊ ငါ့သားများဆိုလျှင် 'စုံ'မှ ငါက ကြိုက်တယ်။ ငါ့သမီးရဲ့ယောက်ျားက စိတ်ကောင်း နှလုံးကောင်းတော့ရှိရှာပါရဲ့၊ နို့ပေမဲ့ မစုံဘူးကွဲ့'ဟု ပြောဖူးလေသည်။

**ဆက်လက်ဖော်ပြပါမည်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ပညာရေးဝန်ကြီးဌာန ပညာရေးအထူးအရာရှိ(ငြိမ်း) ဦးသံဗျင်(ကိုယ်စား) (အမွေခံ) ဦးအောင်ကြည်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်အေးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား ဘဝတိုးတက်မြင့်မားရေးကို ရှေးရှုပြီး **“လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရား ဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်”** ဆိုသည့် အချက်အပါအဝင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ထားကြောင်း၊ **“စစ်မှန်၍ စည်းကမ်း ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာ စေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက် နိုင်ရေး”** အပါအဝင် ဦးတည်ချက်(၉)ရပ်ကို လည်း နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန် ကစပြီး တစိုက်မတ်မတ်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာ ဖူလုံရေးဆိုသည့် အမျိုးသားရေးရည်မှန်း ချက်(၂)ရပ်ကိုလည်း ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအားလုံး၏အင်အားသည် အဓိက ကျပြီး အားလုံးပူးပေါင်းပါဝင်မှုသည် အရေး ကြီးကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင် မှုနှင့်အတူ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာ များနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုး မဖက်နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုး ဆောင်သူများကို နိုင်ငံတော်၏လွတ်လပ် ရေးနေ့နှင့် အခြားနေ့ထူးနေ့မြတ်အခါ သမယများတွင် ထိုက်တန်သည့်ဂုဏ်ထူး ဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက် ရှိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့်နိုင်ငံတော်ကို တည်ဆောက် ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့် ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင် ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာအားထုတ်ကြိုးပမ်းဆောင်ရွက် ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာ နှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့ အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေ နှင့် အနုသုခုမပညာရပ်များတွင် ထူးခြား ကောင်းမွန်စွာတတ်မြောက်သည့် ပုဂ္ဂိုလ် များအပေါ်တွင် လေးစားတန်ဖိုးထားသည့် အနေဖြင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ က နှစ်စဉ်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်လျက် ရှိကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့် အပ်နှင်းရေးဆိုင်ရာလုပ်ငန်းများကို ဂုဏ်ထူး ဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ဆိုင်ရာပြဋ္ဌာန်းချက်တွေနှင့်အညီ အဆင့်ဆင့် ထောက်ခံတင်ပြချက်များအပေါ်တွင် စနစ် တကျစိစစ်ရွေးချယ်ပြီး အမှန်တကယ် ဂုဏ်ပြုချီးမြှင့်ထိုက်သူများကိုသာ ထိုက်ထိုက် တန်တန်ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ခံပုဂ္ဂိုလ်များနဲ့ မိသားစုဝင်များအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြော ကြားလိုကြောင်း။

ယနေ့ကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူး ဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်း အနားတွင် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့နှင့် အမျိုးသားအောင်ပွဲနေ့ များတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဖြစ်သည့် စည်သူဘွဲ့ (၂)ဦး၊ သူရဘွဲ့ (၉) ဦး၊ သီရိပျံချီဘွဲ့ (၅) ဦး၊ ဇေယျကျော်ထင်ဘွဲ့ (၃) ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ (၉၆) ဦး၊ အလင်္ကာ ကျော်စွာဘွဲ့ (၅) ဦး၊ သိပ္ပကျော်စွာဘွဲ့ (၂) ဦး၊ စုစုပေါင်း(၁၂၂) ဦးကို သက်ဆိုင်ရာ ဂုဏ်ထူး ဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏နေ့ထူးနေ့မြတ် အခါသမယများတွင် မင်္ဂလာတရားတော် နှင့်အညီ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ကျင့်သုံးခဲ့ကြသည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့်အပြင် နိုင်ငံတော်အတွက် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့သူများကို နိုင်ငံတော်က ကျေးဇူးတုံ့ပြန်ခြင်းဖြစ်သဖြင့် ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံညီညွတ်ကြောင်းလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်နေသည့်ရှေ့လုပ်ငန်း စဉ်(၅)ရပ်၊ ဦးတည်ချက် (၉) ရပ်၊ အမျိုးသား ရေးရည်မှန်းချက် (၂)ရပ် စသည့်လုပ်ငန်း စဉ်များသည် လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အလွန်ကျယ်ပြန့် နက်ရှိုင်းကြောင်း၊ ဥပမာအားဖြင့် တိုင်းပြည် သာယာဝပြောရေးလုပ်ငန်းစဉ်များထဲတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်း ဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ အေးချမ်း စွာပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံးအေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး စသည့်အချက်များစွာ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးတည်ချက်လုပ်ငန်းစဉ်နှင့် ရည်မှန်းချက် တိုင်းတွင် ကဏ္ဍအလိုက် အသေးစိတ် ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန်များ များစွာရှိနေကြောင်း။

ထို့ကြောင့် အဆိုပါလုပ်ငန်းစဉ်အားလုံး အချိန်တိုအတွင်းတွင် ထိရောက်အောင်မြင် အောင် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ ဘက်ပေါင်းစုံ က အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော် အစိုးရနှင့်အတူ တက်တက်ကြွကြွပူးပေါင်း ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်း မှာကြားလိုကြောင်း။

နိုင်ငံတော်အတွက် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများ ကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူး တင်ရှိသည်ကို ထပ်လောင်းပြောကြားလို ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ပေးရခြင်း ကို ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ဆက်လက် ၍လည်း ဂုဏ်ပြုသင့်သူများကို မှတ်တမ်း တင်ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က ပြည် ထောင်စုစည်သူသင်္ဂဟာဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ရရှိသူ ၁ ဦး၊ တပ်မတော်စွမ်းရည် သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိ သူ ၈ ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူး ဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံချီဘွဲ့ ရရှိသူ ၁ ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၃ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၇၈ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၃ ဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ ၂ ဦးတို့ကို ဂုဏ်ထူး ဆောင်ဘွဲ့များ တစ်ဦးချင်းလက်ရောက် ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အခမ်းအနားသို့တက် ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများနှင့် ၎င်းတို့၏မိသားစုဝင် များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**မိမိတို့၏ ဘိုးဘေးအစဉ်အဆက် အသက်သွေးချွေးရင်းနှီးပေးဆပ်ပြီး လက်ဆင့်ကမ်းခဲ့သည့် လွတ်လပ်ရေးအမွေကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်သည် မိမိတို့အားလုံးအတွက် သမိုင်းပေးတာဝန်ပင်ဖြစ်၊ တိုင်းပြည်၏ လွတ်လပ်ရေး အစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရုံသာမကဘဲ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၏ မျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်နိုင်ရေးကိုလည်း အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ် . . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်ခွဲတပ်ကြပ်ကြီးညွန့်ဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝဏ္ဏလှိုင်(ကိုယ်စား) ဗိုလ်မှူးကြီးထွန်းနေဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသက်ထွန်းအောင် (ကိုယ်စား)ဇနီး ဒေါ်လှယဉ်မင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

★ **ရှေ့ဖုံးမှအဆက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့်ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် ပြည်ထောင်စုကြီး၏ အရိပ်အာဝါသအောက်၌ စည်းလုံးညီညွတ်စွာ အတူတကွ စုပေါင်းနေထိုင်ခဲ့ကြကြောင်း၊ သမိုင်းတစ်လျှောက်ကုန်းဘောင်ခေတ်အထိ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာနှင့် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့ကြကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါ်နန်းစန္ဒာစမ်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးငြိမ်းချမ်း(ကိုယ်စား) ဖခင် ဦးတင့်ဝေဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးဌေးအောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ကြီးသက်ပိုင်ထက်(ကိုယ်စား) ဇနီး ဒေါ်နန်းမေဟန်ဖူးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

သို့သော် ကိုလိုနီစနစ်ဆိုးကြောင့် သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များတွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲမှုနှင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာကိုပါ ဆုံးရှုံးခဲ့ရကြောင်း။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တန်ဖိုးထားမြတ်နိုးကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးက မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ရဲစွမ်းသတ္တိ၊ မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် တပ်မတော်နှင့်အတူ လက်တွဲပြီး နယ်ချဲ့ကိုလိုနီများကို နှစ်ပေါင်းများစွာ တိုက်ပွဲဝင်တွန်းလှန်ခဲ့ကြကြောင်း၊ စုစည်းညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄) ရက်နေ့တွင် လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းသည် (၇၇)နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ကိုလိုနီနယ်ချဲ့တို့၏အမွေဆိုးနှင့် ပြည်တွင်းပြည်ပ ပယောဂများကြောင့် ပဋိပက္ခများနှင့်အတူ မိမိတို့နိုင်ငံသည် ယနေ့ကာလအထိ တည်ငြိမ်အေးချမ်းမှုအားနည်းနေဆဲဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့၏ ဘိုးဘေးအစဉ်အဆက် အသက်သွေးချွေးရင်းနှီးပေးဆပ်ပြီး လက်ဆင့်ကမ်းခဲ့သည့် လွတ်လပ်ရေးအမွေကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်သည် မိမိတို့အားလုံးအတွက် သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏ လွတ်လပ်ရေးအစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရုံသာမကဘဲ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၏ မျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးကိုလည်း အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် **စာမျက်နှာ ၁၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးမျိုးကိုကိုထွန်း(ကိုယ်စား) ဒုတိယဗိုလ်မှူးကြီးအောင်ဇော်ဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်မှူးအောင်ဆန်းဦး(ကိုယ်စား) ဇနီး ဒေါ်ဝင့်သီရိဖြိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသူ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအေးမြင့်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာပေပညာရှင် ဦးဝင်းစိန်(တင့်တယ်)(ကိုယ်စား) သမီး ဒေါ်ခင်မျိုးဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ ဆိုင်းပညာရှင် ဦးစိန်မြအောင်(ခ) ဦးမြအောင် (ကိုယ်စား) သား ဦးသန်းထိုက်အောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၂၀၂၂ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရှင် ဒေါက်တာထွန်းတင့် (ဒေါက်တာထွန်းတင့်-မြန်မာစာ) အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing attends ceremony to present honorary titles in commemoration of 77th Anniversary Independence Day

NAY PYI TAW January 4

Ceremony to present honorary titles in commemoration of the 77th Anniversary Independence Day was held at Thabin Hall of the State Administration Council Chairman's Office this morning. Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivered an address at the ceremony and presented honorary titles.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win and wife, the SAC Secretary and wife, the SAC Joint Secretary and wife, SAC members and wives, union level officials, union ministers and wives, senior military officers from Office of Commander-in-Chief, title recipients and families.



The 77th Anniversary Independence Day ceremony to confer honorary titles on recipients is in progress.




Senior General Min Aung Hlaing confers an honorary title on a recipient.




Senior General Min Aung Hlaing confers an honorary title on a recipient.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla and party are greeted by national races on the 77th Anniversary Independence Day.

In his address, the Senior General said national races, children of the Union, had lived in unity under their own monarchs and in the embrace of the Union, while preserving their traditions and cultures, for many years. In the course of history, Myanmar stood tall as a sovereign nation till the Konboung era.

Because of the evil colonialism, Myanmar, rich in natural resources, was unjustly occupied by the British after three aggressive wars in 1824, 1852 and 1885 respectively, followed by the loss of independence and sovereignty.

Nationalities of the Union, who loved and valued independence and sovereignty, joined hands with the Tatmadaw in fighting back the colonialists with relentless perseverance, zeal, courage and full patriotism for many years. Thanks to the force of unity, Myanmar could again stand tall in the world as an independent and sovereign country on 4 January 1948. Now is the 77th Anniversary of the independence. It is common knowledge that due to the evil legacy of colonialism and internal and external intrigues, peace and stability is still weak in the country that is also facing conflicts.

It is the bounden duty of all to perpetuate independence, the heritage our forefathers had taken back after sacrificing lots of blood and sweat, and handed down to us. In addition to perpetuating and safeguarding the country's independence, all should take part with ardent efforts in building a peaceful, modern and developed nation, the aspiration of the persons

See Page - 20

# Honorary dinner, entertainment commemorating 77th Anniversary Independence Day held



Dignitaries attending the 77th Anniversary Independence Day dinner.



Senior General Min Aung Hlaing cordially greets diplomats attending the 77th Anniversary of Independence Day dinner.

The honorary dinner and entertainment commemorating the 77th Anniversary Independence Day hosted by Chairman of the State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and wife Daw Kyu Kyu Hla was held on the lawn of the Office of Chairman of the SAC in Nay Pyi Taw this evening.

First, the guests to the Independence Day dinner were welcomed by Vice Chairman of the SAC Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win and wife Daw Than Than Nwe and union ministers and their wives.

Then, Chairman of the State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and wife Daw Kyu Kyu Hla arrived at the lawn and, together with the Vice-Senior General and wife, cordially greeted chairmen and representatives of political parties, ambassadors, charges d'affaires, honorary consuls of foreign missions and guests.

Afterward, the Senior General and wife observed the launching of fireworks together with the guests.

Then, the Senior General and wife enjoyed the dinner together with the guests at the honorary hall. Before and during the dinner, artists from the Myanmar Radio and Television of the Ministry of Information and Fine Arts Department of the Ministry of Religious Affairs and Culture played music and performed variety shows.

The Senior General and wife and guests enjoyed the entertainment.

After the shows, the Senior General and wife presented an honorary flower basket for the artists and cordially greeted the guests.

Also present at the dinner were the Vice-Senior General and wife Daw Than Than Nwe, the secretary of the SAC and wife, the joint secretary of the SAC and wife, members of the SAC and their wives, union level officials and their wives, advisors to the Chairman of the SAC, members of the Central Advisory Board of the SAC, union ministers and their wives, members of union level bodies, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief of Defence Services, deputy ministers, ambassadors, charges d'affaires and honorary consuls of foreign missions, winners of honorary titles marking the 77th Anniversary Independence Day, departmental heads, chairmen and representatives of political parties, national races, artists, non-governmental organizations and guests. **100**

# State flag hoisting, saluting ceremony of 77th Anniversary Independence Day held

A ceremony to hoist and salute the state flag for the 77th Anniversary Independence Day (2025) was held at the square in front of the city hall in Nay Pyi Taw this morning.

The ceremony was held in accordance with the objectives of the 77th Anniversary Independence Day: (1) to address armed conflicts and differing perspective lawfully, ensuring non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty, (2) to safeguard the State with unity and strength of all citizens, guided by the spirit of the Union, (3) to conduct a free, fair and credible general election to establish a genuine, disciplined democratic system, (4) to promote balanced development across all sectors of the Union through "the collective strength" of the entire people and (5) to collectively advance politics, the economy, defence, national identity and spirit with perseverance, diligence and dedication, guided by the motto: "Keep Moving Forward to Achieve Our Goal."



The 77th Anniversary Independence Day ceremony to salute the national flag is in progress.

First, the flag hoisting ceremony was held and the flag hoisting platoon raised the flag together with national races at 4:20 am.

Then, union level officials, union ministers, the auditor general of the Union, the chairman of the Union Civil Service Board, the chairman of Nay Pyi Taw Council, the governor of the Central Bank of Myanmar, the chairman of the Anti-corruption Commission, the chairman of the Myanmar National Human Rights Commission, senior Tatmadaw officers, judges of the Supreme Court of the Union, members of the Constitutional Tribunal of the Union of Myanmar, members of the Union Election Commission, the commander of Nay Pyi Taw Command, deputy ministers, members of the Union Civil Service Board, deputy governor of the Central Bank of Myanmar, members of the Anti-Corruption Commission, members of the Myanmar National Human Rights Commission, the chairman of the Revenue Appellate Tribunal, members of Nay Pyi Taw Council, the deputy mayor of Nay Pyi Taw Development Committee, departmental heads and staff, national races and the public took their positions in the square in front of the city hall, where the flag saluting ceremony would take place, at 6 am.

At 7 am, the flag saluting ceremony was held and the Tatmadaw (Army, Navy, Air) Guard of Honour marched toward the square and took position.

Then, Chairman of the Central Committee for Organizing the 77th Anniversary Independence Day Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win arrived at the dais and took the salute of the guard of honour.

Afterward, the Vice-Senior General and attendees salute the flag of the Republic of the Union of Myanmar together with the guard of honour.

Then, the guard of honour saluted fallen leaders and comrades and took four oaths.

Afterward, the Vice-Senior General read out the Independence Day message sent by Chair-man of the State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Then, the Vice-Senior General took the salute of guard of honour and the flag saluting ceremony concluded. **100**

▶▶ From Page - 21

on internal insurgencies and dogmatism and sactanarism along with independence and has been serving the interests of the State and the people for many years.

While Tatmadaw members are fighting on the frontline for defending the country, their wives and family members are important reserve forces for the defending the State. As better halves, it can be seen proudly that they are fought against the enemies with sacrifice of life for the State and the nationality applying military techniques.

Peace and stability with free from armed conflicts are basic for development of a country. Hence, infrastructures can be built and trading will boom. Likewise, fulfillment can be given to education, health, social and other sectors of the residents.

Whenever selfishness of a handful of persons are put on the forefront with the title of state cause and ethnic cause, residents will suffer loss in their lives. No to cause these measures, Tatmadaw has to serve duties of defending the people as the primary duty. As any human societies do not accept armed terrorism, Myanmar has to prevent terrorism totally.



Senior General Min Aung Hlaing confers an honorary title on a recipient.



Senior General Min Aung Hlaing confers a Tatmadaw gallantry medal on a recipient.

This ceremony, 34 persons will be awarded the gallantry medals. On behalf of the Commander-in-Chief of Defence Services, remaining medals and certificates will be presented to relevant persons at respective military command headquarters at the same time. They performed sacrifices in serving their difficult duties at critical time. They served their duties with courageous and bravery for the sake of the nation and the nationality through strong spirit. Other Tatmadaw members who are not awarded medals are also honoured for their brilliant serving of duties as spirit of a good soldier and their efforts are recorded.

Those who are awarded honorary medals and certificates served their assigned duties in addition to defending the State and other duties for the State and the people with perseverance, diligence and industriousness. Hence, it needs to take pride of them for their good citizen actions. As such, all Tatmadaw members have to continue their efforts with good concepts to hand over the good legacy to new generations.

The Senior General presented gallantry medals to four Brigadier General, two Colonels, eight Lieutenant Colonels, nine majors, four captains, one warrant officer, one sergeant, three corporals, and two lance corporals respectively.

The Senior General and party posed for documentary photos with medal winners.

The Senior General gave a tea party to those medal winners. On the occasion, the Myawady Entertainment Troupe under the Directorate of Public Relations and Psychological Warfare performed songs.

After the ceremony, the Senior General and party cordially greeted the medal recipients. **100**

●● From Page - 18

who fought back to regain independence.

The SAC has outlined five key future objectives, **emphasizing its commitment to holding free and fair multi-party democratic general elections.** The council also aims to ensure stability, peace, and the complete enforcement of the rule of law across the Union, alongside promoting socio-economic development for ethnic people. He stated that since undertaking the national duty, he has been steadfastly implementing nine core objectives, which include **strengthening a genuine and disciplined multi-party democracy and working toward the establishment of a Union founded on democracy and federalism.** In addition, two national goals, namely national prosperity and food security, are being prioritized and actively implemented.

In this implementation, the strength of all ethnic groups born in the Union is essential, and the participation of everyone is crucial. Under the leadership of the government, individuals who have devoted themselves with unwavering commitment, utilizing their knowledge, skills, and abilities, and who have made selfless sacrifices for the country, are being honored with deserving honorary titles and medals on Independence Day and other significant occasions.The SAC annually honors and rewards individuals who have tirelessly contributed to building a peaceful, modern, and developed nation, made sacrifices to uphold the national policy of Our Three Main National Causes, and made significant contributions toward achieving political, economic, and social objectives for peace, rule of law, and national development, as well as those who have attained world-class achievements in science, art, and other fields, and excelled in literature and the fine arts.

He stated that he would like to express his special pride and joy in the recipients and their families, as the awards of honorary degrees and medals were conferred based on recommendations submitted in line with the established provisions. Only those who truly met the criteria for honor and recognition were selected systematically and in accordance with the award guidelines.

At today's ceremony, a total of 122 individuals will be awarded the respective honorary titles, including 2 Sithu titles, 9 Thura titles, 5 Thiripyanchi titles, 3 Zeya Kyaw Htin titles, 96 Wunna Kyaw Htin titles, 5 Alanka Kyaw Swar titles, and 2 Theikpa Kyaw Swar titles, for the Independence Day, Armed Forces Day, and National Day of 2024. Honoring individuals who deserve recognition on national days is a long-standing tradition that dates back to the time of ancient Myanmar kings. It is also a way for the state to show gratitude to those who have made outstanding contributions, combining both grace and auspiciousness.

Five key future objectives, nine objectives, and two national goals set and implemented by the government are extensive and deeply integrated in their practical application. For instance, the country's prosperity plans encompass various elements, including the rule of law, security, safe and efficient transportation, peaceful education, and the ability of citizens to live, work, and thrive in a stable and peaceful environment. Each of these goals, objectives, and processes includes numerous detailed tasks that must be executed by each sector.

Therefore, to effectively and successfully carry out all of these processes within a short timeframe, I strongly urge all sectors, experts, and ethnic people to actively cooperate with the state government.

He stated that he would like to reiterate that the government is thankful to those who have provided exceptional service to the nation, fulfilling their duties with sacrifice and dedication. He further expressed his happiness and honor in recognizing individuals in this manner. He also stated that he would continue to document and honor those who are deserving of recognition.

The Senior General then conferred honorary titles of the Order of the Union of Myanmar to the following recipients: one individual with the Sithu title, eight individuals with the Thura title (a military gallantry title), one individual with the Thiripyanchi title, three individuals with the Zeya Kyaw Htin title, seventy-eight individuals with the Wunna Kyaw Htin title, three individuals with the Alanka Kyaw Swar title, and two individuals with the Theikpa Kyaw Swar title.

Later, the Senior General posed for a group photo with the recipients of the honorary titles.

It is reported that after the ceremony, the Senior General greeted the attendees, the title recipients and their families.**100**

# SAC Chairman Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing attends the ceremony to present gallantry medals of Tatmadaw



The 77th Anniversary Independence Day ceremony to confer Tatmadaw gallantry medals on recipients is in progress.

NAY PYI TAW January 4

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivered an address at the ceremony to present honorary medals to winners at Zeyathiri Beikman in Nay Pyi Taw this afternoon.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, SAC Vice Chairman Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win and his wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) Lt-Gen Zeya Kyaw Htin Tharay Sithu Kyaw Swa Lin and his wife, Commander-in-Chief (Navy) Admiral Zeya Kyaw Htin Htein Win and his wife, Commander-in-Chief (Air) General Zeya Kyaw Htin Sithu Tun Aung and his wife, Union-level dignitaries and their wives, Union ministers and their wives, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, honorary medal recipient officers, other ranks and inheritors.

Speaking on the occasion, the Senior General said that the duty of safeguarding independence and sovereignty of a country is an inborn duty of all citizens. In serving the historical duties, good citizens sacrifice life and limbs for the sake of the State and nationality with the concept that **if the persons are brave, they never go hell".** Hence, those good citizens are deservedly honoured on the occasion of Independence day every year.

Myanmar Tatmadaw which emerged along with the independence struggle history has fought various battles against colonialists for independence. After regaining independence, the Tatmadaw defended against various challenges in consequence of the colonialism. Amid internal and external various dangers triggered by political and military measures, Tatmadaw members served assigned duties without any complaints for the sake of the State and the people with sacrifices. Tatmadaw focuses on the genuine national duty amid various attacks based

**See Page - 20►►**



Senior General Min Aung Hlaing confers a Tatmadaw gallantry medal on a recipient.



Senior General Min Aung Hlaing confers a Tatmadaw gallantry medal on a recipient.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားစဉ်။







အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားကို (၁) ပြည်ထောင်စု မပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး၊ (၂) နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး၊ (၃) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊သိက္ခာရှိသော၊နည်းလမ်းကျနမှန်ကန်မှု ရှိသော အထွေထွေရွေးကောက်ပွဲပြန်လည် ကျင်းပနိုင်ရေး၊ (၄) ပြည်ထောင်စုကြီး တစ်ခုလုံး ဘက်စုံထောင့်စုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထု တစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး၊ (၅) "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးဟူသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၅ ခုနှစ်(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက်နံနက်၆နာရီတွင်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ အခွန်အယူခံခုံရုံးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မိဘပြည်သူများသည် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက်(၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအားအလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

နံနက်၄ နာရီမိနစ် ၂၀ တွင် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့နိုင်ငံတော်အလံတင်အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဂုဏ်ပြုတပ်ခွဲ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်ကြပြီး ဌာနဆိုင်ရာများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ နိုင်ငံတော်အလံအား အလေးပြုကြသည်။






နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူ၍ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံကိုအလေးပြုကြပြီး ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကာ ဂုဏ်ပြုတပ်ဖွဲ့က သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့သော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားများသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်းသိရသည်။ **ကိုကိုဇော်-MNA**

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jia အား ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၄

ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jia အား ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ် - မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တရုတ်နိုင်ငံ ချေးငွေများနှင့်ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာအခြေအနေများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ သင်တန်းများပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေနှင့်နှစ်နိုင်ငံအကြား ခိုင်မြဲစွာတည်ရှိနေသည့် ဆွေမျိုး-ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များအား ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်၌ စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်ဆီအရောင်းဆိုင်ဖွင့်လှစ်ပြီး သက်သာသည့်ဈေးနှုန်းဖြင့် ပြည်သူများထံတိုက်ရိုက်ဖြန့်ဖြူးရောင်းချ



**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသို လှောင် ဖြန့် ဖြူး ရေး ဌာ န အောက် ရှိ ဓာတ်ဆီအရောင်းဆိုင်များအနက် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးဘေးရှိ ဓာတ်ဆီအရောင်းဆိုင်အမှတ် (၁၃၅၄) ကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ပြီး သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်ဆီများကို ဒေသန္တရပေါက်ဈေးထက်သက်သာသည့်ဈေးနှုန်းဖြင့် ပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်အောင်က "ကျွန်မတို့ဌာနရဲ့ အဓိကတာဝန်က ပြည်တွင်းကနေထွက်ရှိတဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့တွေကို အသုံးပြုပြီး စက်သုံးဆီအမျိုးမျိုးနဲ့ ဓာတ်မြေဩဇာထုတ်လုပ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းထုတ်ဓာတ်ဆီတွေကို ပြည်သူတွေလက်ဝယ်အရောက် သက်သာတဲ့ဈေးနှုန်းနဲ့ရောင်းချပေးဖို့အတွက် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီနေ့မှာဆိုင်ဖွင့်ပွဲကျင်းပပြီး ပြည်သူလူထုကို ဓာတ်ဆီတစ်လီတာ ငွေကျပ် ၂၂၀၀ နဲ့ စတင်ရောင်းချပေးနေပါတယ်၊ ရောင်းချပေးတဲ့ ဓာတ်ဆီအမျိုးအစားကတော့ RON-68 ဖြစ်ပါတယ်။ ပြည်ပကတင်သွင်းပြီး ရောင်းချပေးနေတဲ့ ဆီဈေးနှုန်းတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဈေးနှုန်းသက်သာတဲ့အတွက် ပြည်သူတွေအသုံးပြုနေတဲ့ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ယာဉ်တွေအတွက် အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ မော်တော်ဆိုင်ကယ်နဲ့ သုံးဘီးမော်တော်ဆိုင်ကယ်တွေအပြင် အိမ်သုံး၊ လုပ်ငန်းသုံး၊ ရုံးသုံးမီးစက်တွေ၊ စက်လှေတွေမှာလည်း အခုရောင်းချပေးနေတဲ့ ဓာတ်ဆီကို အသုံးပြုနိုင်ပါတယ်။ ဖွင့်လှစ်ချိန်ကတော့ နံနက် ၆ နာရီကနေ ည ၆ နာရီအထိ နေ့တိုင်းဖွင့်လှစ်ရောင်းချပေးသွားမှာဖြစ်ပါတယ်။ ပြည်တွင်းစက်ရုံတွေကထွက်ရှိတဲ့ရေနံကိုချက်ပြီး ရရှိလာတဲ့ ဓာတ်ဆီကို ပြည်သူတွေအတွက် ပြန်လည်ရောင်းချတာဖြစ်တဲ့အတွက် ယုံယုံကြည်ကြည်သုံးစွဲနိုင်ပါတယ်" ဟု ပြောသည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းပိုင်သိုလှောင်ဖြန့်ဖြူးရေးဌာနအောက်ရှိ ဓာတ်ဆီအရောင်းဆိုင်များအနက် မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်ဆီအရောင်းဆိုင်အမှတ် (၈၆၁၁) နှင့် (၈၆၁၄) ဆိုင်တို့ကိုလည်း ယနေ့နံနက်ပိုင်းတွင်ဖွင့်လှစ်ပြီး သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်ဆီများကို ဒေသန္တရပေါက်ဈေးထက်သက်သာသည့် ဈေးနှုန်းဖြင့် ပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"အခုလို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကနေ ရေနံနဲ့သဘာဝဓာတ်ငွေ့တွေကို အသုံးပြုပြီးထုတ်လုပ်ထားတဲ့ ဓာတ်ဆီကို သက်သာတဲ့ဈေးနှုန်းနဲ့ ရောင်းချပေးတဲ့အတွက် ကျွန်တော်တို့ သုံးဘီးမော်တော်ဆိုင်ကယ် အငှားလိုက်သူတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ အခုလို သက်သာတဲ့ဈေးနှုန်းနဲ့ ဝယ်ယူသုံးစွဲနိုင်တဲ့အတွက် ကျွန်တော်တို့ကလည်း ငှားစီးတဲ့ ပြည်သူတွေကို ဈေးလျှော့ပြီး ပေးဆွဲပေးလို့ရပြီဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိစေပါတယ်။ မိသားစုစားဝတ်နေရေးအတွက်လည်း အဆင်ပြေသွားမယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဘယ်သွားသွား ဆိုင်ကယ်တွေ၊ သုံးဘီးဆိုင်ကယ်တွေနဲ့ပဲ သွားလာရတာ များပါတယ်။ ဒါကြောင့် အခုလိုဆိုင်တွေ နိုင်ငံတစ်ဝန်း ဖွင့်ပေးစေချင်ပါတယ်။ ဒီလိုဖွင့်ပေးတဲ့အခါ အများပြည်သူတွေ ဓာတ်ဆီသုံးစွဲမှုအတွက်စိတ်မပူရတော့ဘဲ အားလုံးအဆင်ပြေသွားမယ်လို့ ထင်ပါတယ်" ဟုသုံးဘီးအငှားယာဉ်မောင်းနှင်သူ ကိုကျော်စွာကပြောသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဟင်းငုတ်ပင်ဓာတ်ဆီအရောင်းဆိုင်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ဓာတ်ဆီအရောင်းဆိုင်တို့ကိုလည်း ယခုလအတွင်း ဆက်လက်ဖွင့်လှစ်၍ ပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ပြည်နယ်များနှင့်တိုင်းဒေသကြီးတို့တွင်လည်း ဆက်လက်တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ ဝန်ကြီးဌာနပိုင် ဓာတ်ဆီအရောင်းဆိုင်များဖွင့်လှစ်၍ ဖြန့်ဖြူးရောင်းချခြင်းအားဖြင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေးလွယ်ကူလာခြင်း၊ ပြည်သူလူထုများ နေ့စဉ်ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ကြီးမားသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲရမည့်အစား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲလာနိုင်သည့်အတွက် ဓာတ်ဆီဖိုးကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေအထိုက်အလျောက် အထောက်အပံ့ရရှိခြင်း၊ ဆီစားနှုန်းသက်သာ၍ ကြာရှည်အမောင်းခံခြင်း၊ ဓာတ်ဆီဆိုင်တွင် တန်းစီစောင့်ဆိုင်း၍ ဆီဖြည့်ရသည့် အချိန်မကုန်ခြင်းကြောင့် အဘက်ဘက်တို့တွင်နှောင့်နှေးကြန့်ကြာမှုမရှိခြင်း၊ လုပ်ငန်းခွင်တွင် လုပ်ငန်းတာဝန်များ စိတ်ကြည်လင်စွာ လုပ်ဆောင်နိုင်ခြင်းနှင့် ပြည်တွင်းထွက် ဓာတ်ဆီအသုံးပြုခြင်းဖြင့် နိုင်ငံခြားမှဝယ်ယူတင်သွင်းရသည့် နိုင်ငံခြားသုံးငွေ အထိုက်အလျောက်လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်းသိရသည်။

**သတင်း-လုလင်ပျို**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

# သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

**ယမန်နေ့မှအဆက်**

၅၂။ ဘဒ္ဒန္တကုဏ္ဍလ၊ တောင်ဖီလာကျောင်းတိုက်၊ ပျဉ်းမကန်စံပြကျေးရွာ၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၃။ ဘဒ္ဒန္တနာယက၊ ဓမ္မာစရိယ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ်(၂၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၄။ ဘဒ္ဒန္တစန္ဒောဘာသ၊ ရွာဦးဓနသိဒ္ဓိကျောင်းတိုက်၊ အမှတ်(၁၀၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၅။ ဘဒ္ဒန္တကုသလ၊ စန္ဒာရုံကျောင်းတိုက်၊ အမှတ်(၄)တိုးချဲ့ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၆။ ဘဒ္ဒန္တဝိမလ၊ သာသနမာမက ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ အမှတ်(၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၇။ ဘဒ္ဒန္တဝိဇယ၊ ပုသိမ်ကျောင်း၊ အိမ်တော်ရာတိုက်၊ ပြည်အရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၈။ ဘဒ္ဒန္တစိတ္တရ၊ အုဋ္ဌဖိုကျောင်း၊ မူလဥယျာဉ်တိုက်၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၉။ ဘဒ္ဒန္တဝဏ္ဏိတ၊ အောင်သစ္စာဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၀။ ဘဒ္ဒန္တပညာသီရိ၊ ဇောတိကာရာမသီရိဇေယျ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ အမှတ်(၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၁။ ဘဒ္ဒန္တကောသလ္လ၊ ခရီးဖော်တောစခန်းရိပ်သာကျောင်းတိုက်ကြီး၊ ဘန့်ဘွေးကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၂။ ဒေါက်တာဘဒ္ဒန္တသီရိကဥ္စန၊ သီရိမင်္ဂလာဇောတိရသအောင်ဗိမာန်ကျောင်းတိုက်၊ အမှတ်(၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၃။ ဘဒ္ဒန္တနန္ဒ၊ ရွှေယမင်းနန္ဒာရာမကျောင်းတိုက်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၄။ ဘဒ္ဒန္တဝါယာမ၊ ဣဿာသယကျောင်းတိုက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၅။ ဘဒ္ဒန္တသုစိတ္တသာရ၊ မဟာစန္ဒာရုံမိုးကုတ်ရိပ်သာကျောင်း၊ ပါရမီကျောင်းတိုက်၊ အမှတ်(၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၆။ ဒေါက်တာဘဒ္ဒန္တဝိစာရ၊ ရွှေစေတီဝိစာရဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ်(၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၇။ ဘဒ္ဒန္တဝေပုလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဆိုင်ခွန်ကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၆၈။ ဘဒ္ဒန္တကောလိယ၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်

၆၉။ ဘဒ္ဒန္တသီရိဓမ္မ၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ ပိန်းဆန်ရပ်ကွက်၊ မိုင်းပျဉ်းမြို့၊ ရှမ်းပြည်နယ်

၇၀။ ဘဒ္ဒန္တသောဘန၊ မှန်စီကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ သာပေါင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၁။ ဘဒ္ဒန္တပညာစက္က၊ ဗောဓိမြိုင်ကျောင်းတိုက်၊ လယ်ပေါ်ရပ်ကွက်၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၂။ ဘဒ္ဒန္တတေဇဝန္တ၊ မင်းဆည်ကျောင်းတိုက်၊ မင်းဆည်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇၃။ ဘဒ္ဒန္တဓမ္မသာမိ၊ သန္တာရုံ(ဆား)ကျောင်းတိုက်၊ အမှတ် (၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၄။ ဘဒ္ဒန္တအာဒိစ္စဝံသ၊ မဏိရတနာဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မြို့ကွက်သစ်(၂)၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၅။ ဘဒ္ဒန္တသုမင်္ဂလ၊ ရွှေဟင်္သာလယ်ပေါ်စာသင်တိုက်၊ အလယ်ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၆။ ဘဒ္ဒန္တစန္ဒိမာ၊ နိဂြောဓာရုံဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ညောင်ကျိုးကျေးရွာ၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

၇၇။ ဘဒ္ဒန္တဣန္ဒာစရိယ၊ မဂ္ဂင်ရိပ်သာ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်း၊ အမှတ်(၇)ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၇၈။ ဘဒ္ဒန္တပညာသီရိ၊ ရတနာပုံစံကျောင်းတိုက်၊ ဘုရားငူကျေးရွာ၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၇၉။ ဘဒ္ဒန္တဇဋိလ၊ MYANMAR GON YEE BUDDHIST TEMPLE, No.31–1, Jalan Datok Haji Hassan,84000, Muar, Johor, မလေးရှားနိုင်ငံ

၈၀။ Most.Ven Maha Khamma PANYAVICHIT, The Abbot of the Hongkha Nakharam, Chanthabouly District, Vientiane Capital, လာအိုနိုင်ငံ

၈၁။ Most. Ven Hipankande Saddhasiri Anunayaka Thero, Vidya Samadhi International Buddhist Centre, Kottawa, Pelenwatta, Pannipitiya, သီရိလင်္ကာနိုင်ငံ

၈၂။ Most.Ven Phra Phrommuni(Boonrueng Poonyachoto, Worakhamvichai), Wat Phra Sri Mahathat Woramahawihan, 149 Anusaowaree Sub–District, Bangkhen District, Bangkok 10220, ထိုင်းနိုင်ငံ

**သီလရှင်ဆရာကြီးများ**

၈၃။ ဒေါ်ဝီရဉာဏီ၊ သီလရှင်သင်ပညာရေးမူလတန်းကျောင်း၊ ဇမ္ဗူမြိုင်သီလရှင်စာသင်တိုက်၊ အမှတ်(၆) ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၈၄။ ဒေါ်ဓမ္မထေရ်ရီ၊ အောင်သီရိကျောင်းတိုက်၊ ကလိန်အောင်မြို့၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၈၅။ ဒေါ်တိက္ခိန္ဒြိယာ၊ ငန်းတေးဓမ္မရိပ်သာ(ဖားအောက်တောရရိပ်သာခွဲ)၊ ငန်းတေးရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၈၆။ ဒေါ်တီရဏာဉာဏီ၊ ပါရမီသီလရှင်စာသင်တိုက်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၇။ ဒေါ်အဂ္ဂေသီ၊ (၉၆၉)နှစ်ဖက်လှသီလရှင်စာသင်တိုက်၊ ရွှေပျောက်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၈။ ဒေါ်မာလာသိင်္ဂီ၊ မြသိင်္ဂီသီလရှင်သင်ပရဟိတပညာရေးမူလတန်းလွန်ကျောင်း၊ မြဝတီရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး**

၈၉။ ဒေါ်သုဓမ္မဝတီ၊ Dhama Kiti Vihar ကျောင်းတိုက်၊ ကတ္တမန္ဒူးမြို့၊ နီပေါနိုင်ငံ

**လူပုဂ္ဂိုလ်များ**

၉၀။ ဦးမင်းထိုက်၊ ရပ်ကွက်(၂)၊ ရွှေပြည်အေးမြို့၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၉၁။ ဒေါ်သန်းသန်းဌေး၊ အခန်း(၂၁)၊ တိုက်အမှတ်(၇၄၅)၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၉၂။ ဒေါက်တာမင်းသန့်(ခ)ဦးမင်းဌေး၊ အမှတ်(၅၄၆)၊ တပင်ရွှေထီးလမ်း၊ အမှတ်(၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၃။ ဦးတင်မိုးအောင်(ခ)ဦးနေရှိုင်း၊ အမှတ်(၁၆/အေ–၁)၊ အရိယမဂ္ဂင်လမ်း၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၄။ ဒေါ်စန်းစန်းဝင်း၊ တိုက်အမှတ်(၂၈/၂)၊ ဘော်စင်လမ်း၊ အမှတ်(၂၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉၅။ ဦးအားဆို့၊ မိုင်းယန်းလမ်း၊ အမှတ်(၄)ရပ်ကွက်၊ နွံ့နောအာခါကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်များ**

၉၆။ Mr.Sakuma Susumu, အမှတ်(၃–၁၆–၇) Kamitomino, Kita ရပ်ကွက်၊ Kitakyushu မြို့၊ Fukuoka ခရိုင်၊ ဂျပန်နိုင်ငံ

၉၇။ Mrs. Kazuko Yasaka, အမှတ်(၁–၉–၂)၊ Yanagi, Moji ရပ်ကွက်၊ Kitakyushu မြို့၊ Fukuoka ခရိုင်၊ ဂျပန်နိုင်ငံ

၉၈။ Mrs. Naly Sisoulith, Thaphalanxai Village, Sisattanak District, Vientiane Capital, လာအိုနိုင်ငံ

**သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တတိလောက၊ ဝေယံဘုံမြင့်(သာသနဥယျာဉ်ပရဟိတ)ကျောင်းတိုက်၊ နန်းကွေ့ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဒေါက်တာဘဒ္ဒန္တဝဏ္ဏိတ၊ မဇ္ဈိမဝံသရွှေကျောင်းတိုက်၊ အောင်မိုင်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၃။ ဘဒ္ဒန္တဝိမလ၊ ကျွန်းတော်ကျောင်းတိုက်၊ ကျွန်းတော်ကျေးရွာ၊ ရွှေကူမြို့နယ်၊ ကချင်ပြည်နယ်

၄။ ဘဒ္ဒန္တပညာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မူလာရှီးဒီရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်

၅။ ဘဒ္ဒန္တပညာဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရပ်ကွက်(၄)၊ ရှင်ဗွေယန်မြို့၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်

၆။ ဘဒ္ဒန္တတေဇနိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လန်းနို(၁)ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်

၇။ ဘဒ္ဒန္တနိပုဏ၊ နိပုဏာရာမဓမ္မာရုံကျောင်းတိုက်၊ စိုက်ကွင်း(၃)ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၈။ ဘဒ္ဒန္တသူရိယ၊ ဓမ္မနာဒကျောင်းတိုက်၊ ထေးပလော်ခူကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်

၉။ ဘဒ္ဒန္တဇောတိက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒေါဆော်ဖျကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၁၀။ ဘဒ္ဒန္တကုဏ္ဍလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ငံရိုးကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်

၁၁။ ဘဒ္ဒန္တပညာစာရ၊ ဖားပြမင်္ဂလာသိပ္ပံကျောင်းတိုက်၊ ဖားပြကျေးရွာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်

၁၂။ ဘဒ္ဒန္တဓမ္မာဝုဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခိတော်ကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်

၁၃။ ဘဒ္ဒန္တခေမိန္ဒာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အမ်လောင်းကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၄။ ဘဒ္ဒန္တဝါရိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒေါက်ဒွေကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၅။ ဘဒ္ဒန္တကုမာရ၊ ဒုံအိမ်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဒုံအိမ်ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်

၁၆။ ဘဒ္ဒန္တသြဘာသ၊ မြို့မထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၁၇။ ဘဒ္ဒန္တဣန္ဒာစရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လကျန်းကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ဘဒ္ဒန္တအဂ္ဂသာရ၊ ကျောက်ကြီးတောင်ကျောင်းတိုက်၊ ကြီးအုပ်ကျေးရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၉။ ဘဒ္ဒန္တကုမာရ၊ ရေဆန်ကျွန်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကျီကုန်းကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ဘဒ္ဒန္တဣလ္လသရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အထက်ရပ်ကွက်၊ ပန်ဆောင်မြို့၊ နန်းယွန်းမြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၁။ ဘဒ္ဒန္တပညာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဂဟုန်းကျေးရွာ၊ လဟယ်မြို့နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဆက်လက်ဖော်ပြပါမည်။**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ယမန်နေ့မှအဆက်**

**လူမှုထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၆၈။ | ဦးဝဒမ်းခေါင်ဖုန်ရှင်း | ဒုတိယလူဝင်မှု ကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၆၉။ | ဦးသန်းထိုက်စိုး | ဒုတိယလူဝင်မှု ကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၇၀။ | ဒေါ်ခင်မို့မို့လွင် | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၁။ | ဒေါ်ဖြူသီမာ | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၂။ | ဒေါ်ဝင်းပပသိမ့် | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၃။ | ဦးသိန်းဦး | ဒုတိယအလယ်တန်းပြ(ကာယ) | ပညာရေးဝန်ကြီးဌာန |
| ၇၄။ | ဒေါ်ခင်မာဝင်း | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၅။ | ဒေါ်စေးလ်ထာ | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၆။ | ဒေါ်နိုင်နိုင်အေး | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၇။ | ဦးစောလှကြည် | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၈။ | ဦးစောခိုင်ထူးနောင် | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၉။ | ဒေါ်ဝတ်ရည်ထွန်း | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၀။ | ဦးလောလာယွီး | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၁။ | ဒေါ်ရှာရီးဖော | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၂။ | ဒေါ်ဝဏ္ဏမိုး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၃။ | ဒေါ်ခင်ပုံ့ပုံ့ထွေး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၄။ | ဒေါ်မော်မော်ဦး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၅။ | ဒေါ်နိမ်ဂဲလ်ကျိန် | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၆။ | ဦးအောင်ကိုကိုဆွေ | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၇။ | ဒေါ်ခင်စန္ဒာထွန်း | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၈။ | ဒေါ်ဝေဝေလွင် | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၉။ | ဒေါ်မြအေး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၀။ | ဒေါ်အေးအေးခိုင် | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၁။ | ဒေါ်ယွာဟေနေထူး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၂။ | ဦးအယ်ကလို | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၃။ | ဒေါ်အယ်ကလိုသာဖော | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၄။ | ဒေါ်မြတ်ထူး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၅။ | ဒေါ်ပါဆူသာ | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၆။ | ဒေါ်နော်ဆဲထို | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၇။ | ဦးထွန်းထွန်းနိုင် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၈။ | ဦးဝင်းကိုထွေး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၉။ | ဦးဆန်းထူးဝင်း | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၀။ | ဦးအောင်ဇော်ဝင်း | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၁။ | ဦးထွန်းထွန်းဦး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၂။ | မ ၂၂၅၃၅ | မီးသတ်တပ်ကြပ်ကြီးဝင်းလှိုင်ဌေး | မီးသတ်ဦးစီးဌာန |
| ၁၀၃။ | ဦးမျိုးနိုင်ဝင်း | မြေတိုင်း-၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၀၄။ | ဦးဇော်မင်းမောင် | လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၀၅။ | ဦးစံထွန်းဝင်း | လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၀၆။ | ဒေါ်နှင်းအိဝေ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၀၇။ | ဦးတင်သူအောင် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၀၈။ | ဒေါ်သိမ့်သိမ့်ဝင်း | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၀၉။ | ဒေါ်မေသူထွန်း | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၀။ | ဒေါ်အိဝေဝေစိုး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၁။ | ဒေါ်မီမီဇင်ကျော် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၂။ | ဒေါ်သရဖီ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၃။ | ဒေါ်ဇင်မာဝင်း | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၄။ | ဒေါ်မြပွင့်မုံချစ် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၅။ | ဒေါ်နန်းဝင်းပုလဲသွယ် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၆။ | ဒေါ်အိအိဖူး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၇။ | ဒေါ်နှင်းထက်ထက်အေး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၈။ | ဒေါ်နော်နှင်းဆီဖော့ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၉။ | ဒေါ်မာဂရက် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၀။ | ဒေါ်နန်းမိုးမိုးဦး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၁။ | ဒေါ်ပြုံးပြုံးရီ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၂။ | ဒေါ်သီသီအောင် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၃။ | ဦးစောတာဂေဂေ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၄။ | ဒေါ်မူလဆာ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၅။ | ဒေါ်သဇင်ဝေ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၆။ | ဒေါ်မိမိုးသီတာထွန်း | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၇။ | ဦးထွန်းလင်းကျော် | အထွေထွေလုပ်သား | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂၈။ | ဒေါ်နော်မိုးမိုးဝင်း | ရုံးအကူ | ပညာရေးဝန်ကြီးဌာန |
| ၁၂၉။ | အရှင်ဇဝန(ခ) ဦးဆန်းထွန်း | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၀။ | ဆရာတော် ဘဒ္ဒန္တသုမန | သွေးအလှူရှင် | ရှမ်းပြည်နယ် |
| ၁၃၁။ | ဦးဇော်ဝင်း | သွေးအလှူရှင် | မန္တလေးတိုင်းဒေသကြီး |
| ၁၃၂။ | ဦးစိုင်းကျော်ကျော် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၃။ | ဦးထွန်းထွန်းအောင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၄။ | ဦးကျော်မိုးလှိုင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၅။ | ဦးကျော်သူ | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၆။ | ဒေါ်ခင်မာဝေ | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၇။ | ဦးသန်းအောင်မိုး | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |

**စီးပွားထူးချွန်တံဆိပ်များ**

**လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်အေးမီမီစိုး | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၂။ | ဦးလွှမ်းမိုးဇော် | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၃။ | ဦးညွှန့်ဝင်း | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၄။ | ဒေါက်တာလှိုင်မင်းဦး | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၅။ | ဒေါက်တာမျိုးကျော်သူ | ဒုတိယညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၆။ | ဒေါက်တာနီနီတင့် | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၇။ | ဒေါက်တာမာမာဝင်း | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၈။ | ဒေါက်တာဥမ္မာခင် | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၉။ | ဒေါက်တာဝင်းဝင်းနွယ် | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၀။ | ဒေါက်တာခင်ငြိမ်းချမ်း | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၁။ | ဒေါ်စန်းစန်းမြိုင် | လက်ထောက်ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၂။ | ဒေါက်တာစန္ဒာမိုး | သုတေသနအရာရှိ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၃။ | ဦးဝင်းကျော် | လက်ထောက်သုတေသနအရာရှိ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

**စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးရဲလင်း | လက်ထောက်စက်ရုံမှူး | စက်မှုဝန်ကြီးဌာန |
| ၂။ | ဦးတင်မောင်လင်း | ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး | စွမ်းအင်ဝန်ကြီးဌာန |
| ၃။ | ဦးနန်းအောင် | အလုပ်ရုံမှူး (စီမံရေး) | စွမ်းအင်ဝန်ကြီးဌာန |
| ၄။ | ဦးကျော်ဇေဝင်း | အလုပ်ရုံခွဲမှူး (စီမံရေး) | စွမ်းအင်ဝန်ကြီးဌာန |
| ၅။ | ဦးသော်နီဇော် | အလုပ်ရုံခွဲမှူး | စက်မှုဝန်ကြီးဌာန |
| ၆။ | ဦးရန်အောင် | အလုပ်ရုံစုမှူး | စက်မှုဝန်ကြီးဌာန |
| ၇။ | ဦးအောင်သက်ဦး | အလုပ်ရုံစုမှူး | စက်မှုဝန်ကြီးဌာန |
| ၈။ | ဒေါ်မို့မို့အောင် | အလုပ်ရုံစုမှူး | စက်မှုဝန်ကြီးဌာန |

**ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးဌေးလွင် | အင်ဂျင်နီယာမှူး(ပိုက်လိုင်း) | စွမ်းအင်ဝန်ကြီးဌာန |

**ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးမျိုးခိုင်ဦး | ညွှန်ကြားရေးမှူး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဦးလေးနိုင် | ညွှန်ကြားရေးမှူး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဦးမျိုးသန့် | အင်ဂျင်နီယာမှူး(သယ်ပို့/စက်ပြင်) | စွမ်းအင်ဝန်ကြီးဌာန |
| ၄။ | ဦးသိန်းဌေး | အလုပ်ရုံမှူး (စီမံရေး) | စွမ်းအင်ဝန်ကြီးဌာန |

**ဆက်လက်ဖော်ပြပါမည်။**

# အကျဉ်းသား / အကျဉ်းသူများ၏ ပြစ်ဒဏ်ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန်ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ)အရပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၅၁ ခုနှစ်လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**ဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

# အကျဉ်းသား / အကျဉ်းသူ ၅၈၆၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၂ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၅၈၆၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**ဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

# အကျဉ်းသား / အကျဉ်းသူ ၁၄၄ ဦး ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၃ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၁၄၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**ဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

# နိုင်ငံခြားသား အကျဉ်းသား / အကျဉ်းသူ ၁၈၀ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၄ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသားအကျဉ်းသား/အကျဉ်းသူ ၁၈၀ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**ဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## (၄-၁-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၃၃၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြု



တာဝန်ရှိသူများက ရွှေဘိုအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအား အမှာစကားပြောကြားစဉ်။



ကလေးအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအားတွေ့ရစဉ်။



ပုသိမ်အကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအားတွေ့ရစဉ်။



မြောင်းမြအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအား မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့်ကြိုဆိုကြစဉ်။





မန္တလေးဗဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအားတွေ့ရစဉ်။



ညောင်ရွှေအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအားတွေ့ရစဉ်။



တောင်ငူအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသူများအားတွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယနေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုနှလုံး စိတ်ဝမ်းအေးချမ်းစေရန်နှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားပြီး နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရှေးရှု၍ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအက်ဥပဒေအရပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ) အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၅၁ ခုနှစ်လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ် လက်နက်အမိန့်အရပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်အားလည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိအကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင်ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၅၈၆၄ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၈၀ ဦး၊ စုစုပေါင်း ၆၀၄၄ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်များဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်အားလည်းကောင်း ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၁၄၄ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းပြီး ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့်အကျဉ်းသူ၊ အကျဉ်းသားများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့်အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြား ရသင့်သည့်လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားပြီး ယခုပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်



**We Protect The Family**

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd




ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

OKKAN SUGAR MILL

## ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား လုပ်ကြံပစ်ခတ်သူ အကြမ်းဖက်သမား တရားခံ အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား ကျူးလွန်ရာတွင်အသုံးပြုသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေရန် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခိုးပြတိုက်လုယက်ခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အောင်ဆန်းဈေးရှေ့ရှိ လမ်းဘေးအသုပ်ဆိုင်၌ထိုင်နေသည့် အဆိုပါရပ်ကွက်နေ ရာအိမ်မှူးဖြစ်သူ ဦးဇော်မင်းထွန်း (၅၂)နှစ်အား သေနတ်ဖြင့် လုပ်ကြံပစ်ခတ်ခြင်း၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင်လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မကွေးလမ်းနှင့်ရွှေဝတ်မှုံလမ်းဆုံ၌ အမှတ်(၁၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးတင်ဇော်ဦးနှင့် ဇနီးတို့အား ပစ်ခတ်သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကိုလည်းကောင်း၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ်၊ ကျွန်းတော(အလယ်)ရပ်ကွက်၊ ဖျာပုံလမ်း၊ အိမ်အမှတ်(၃၁)၊ ပန်းလှိုင်မိသားစုဆေးခန်းရှေ့ရှိ Generator မီးစက်အသေး ၂ လုံးအနီး၌ မိုင်းထောင်ဖောက်ခွဲမှုကြောင့် အပြစ်မဲ့ပြည်သူများ၏ မော်တော်ယာဉ် (၆)စီးနှင့်နေအိမ်သုံးမီးစက် ၂ လုံး၊ စီးပွားရေးလုပ်ငန်းအသုံးပြုသည့်ဆိုင်းဘုတ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပါသည်။

ဖော်ပြပါပြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးပူးပေါင်းအဖွဲ့မှ စုံစမ်းဖော်ထုတ်ခဲ့ရာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ မွန်းလွဲ ၂ နာရီ ၂၀ မိနစ်တွင် ပြစ်မှုကျူးလွန်သူ ဝင်းခန့်ကိုကို (ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ (၂၈)နှစ်၊ (ဘ)ဦးစိန်ဝင်း၊ အမှတ်(၁/က)၊ စစ်ကိုင်းလမ်း၊ အမှတ်(၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေသူအား လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ စစ်ကိုင်းလမ်း၌လည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် ပူးပေါင်းကျူးလွန်သူများဖြစ်ကြသည့် တင်ဝင်းလှိုင်(ခ)အငယ်လေး (၃၆)နှစ်၊

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား လုပ်ကြံပစ်ခတ်သူ အကြမ်းဖက်သမား တရားခံ အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အား ကျူးလွန်ရာတွင်အသုံးပြုသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



(ဝဲမှယာ) တရားခံ မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်း၊ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေး

(ဘ)ဦးသန်းမြင့်၊ အမှတ်(၂၇/ခ)၊ စစ်ကိုင်းလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေသူအား နေအိမ်၌လည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီ ၅၀ မိနစ်တွင် တရားခံ မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်း(၄၀)နှစ်၊ (ဘ)ဦးတင်ထွန်း၊ "ပဒေသာဦး" အဆောင်၊ နတ်မောက်လမ်း၊ အမှတ်(၉) ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နေသူအား အမှတ်(၉)ရပ်ကွက်၊ ဆင်ဖြူရှင်လမ်းပေါ်ရှိ ၎င်းဖွင့်လှစ်ထားသည့် ကွမ်းယာဆိုင်၌လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျပါ(၃)ဦးတို့၏ ထွက်ဆိုချက်များအရ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ ည ၁၀ နာရီခွဲအချိန်တွင် မိုင်းထောင်ဖောက်ခွဲရန်စေခိုင်းသူ ရန်နိုင်ထွဋ်(ခ) လူစီဖာ(ခ) ရဲရင့်(ခ)လရောင် (၃၇)နှစ်၊ (ဘ)ဦးခိုင်ဝင်း၊ အမှတ်(၇)ဘုရင့်နောင်လမ်း၊ ဆရာစံ(မြောက်/ရှေ့)ရပ်ကွက်နေသူနှင့် အကြမ်းဖက်သမားများအား နေအိမ်စီစဉ်ပေးခြင်း၊ လက်နက်ခဲယမ်းသိမ်းဆည်းပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းများဆောင်ရွက်ပေးသူ ထွန်းနိုင်စိုး(ခ)ဘီးကျဲ (၄၂)နှစ်၊ (ဘ)ဦးစိုးဝင်း၊ အမှတ်(၁၃၇/က)၊ နန္ဒသူရိန်လမ်း၊ (၁၄)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေသူတို့ ၂ ဦးအား မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃) လမ်းမကြီး၊ Toyota Terminal M Shopping Mall အနီးတွင် ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်မှုများကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ သယ်ယူထောက်ပံ့ပို့ဆောင်သူများဖြစ်ကြသည့် အမှတ်(၁၀၈)၊ ဝိဇ္ဇာ(၃) လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ မိုးစက်အောင်(ခ)ကိတ်ကိတ်(ခ)တရုတ်လေး

အကြမ်းဖက်မှုဖောက်ခွဲမှုပြုလုပ်ရန်စေခိုင်းသူ၊ လက်နက်ခဲယမ်းများသိမ်းဆည်းပေး၍ ငွေကြေးထောက်ပံ့ပေးသူနှင့် လက်နက်ခဲယမ်းများသယ်ယူပို့ဆောင်ထောက်ပံ့ပေးသူများ။



(ဝဲမှယာ) တရားခံ ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့် (ခ)လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ အောင်နိုင်ဝင်း(ခ)ကိုဖြိုး၊ မိုးစက်အောင်(ခ) ကိတ်ကိတ်(ခ)တရုတ်လေး၊ ပေရယ်မိုးနိုင်(ခ)သီရိ(ခ)ဘေဘေ

(၂၄)နှစ်၊ (ဘ)ဦးသန့်ဇင်လင်းနှင့် အောင်နိုင်ဝင်း(ခ)ကိုဖြိုး (၂၃)နှစ်၊ (ဘ)ဦးမြင့်ရွှေတို့ ၂ ဦးအား မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာဝင်း၊ ပိတောက်(၃)လမ်း၊ ၅ လမ်းနှင့် ၆ လမ်းကြား၊ အမှတ်(၂၁၆)ဂိုဒေါင်တွင် ဖမ်းဆီးရမိခဲ့ပါသည်။

ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ ဇန်နဝါရီလ ၄ ရက် နံနက် ၁ နာရီ ၅၀ မိနစ်အချိန်တွင် ပေရယ်မိုးနိုင် (ခ)သီရိ(ခ) ဘေဘေ (၂၀)နှစ်၊ (ဘ)ဦးသန့်ဇင်လင်း၊ အမှတ်(၁၀၈)၊ ဝိဇ္ဇာ (၃)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူအား ၎င်း၏ နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများဖြစ်ကြသည့် ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ) အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေးနှင့် မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်းတို့ ၃ ဦး၏ထွက်ဆိုချက်များအရ ၎င်းတို့ ၃ ဦးသည် မင်းစံ(ခ)မျိုးဦး(ဖမ်းမမိ)နှင့်ပဲခူးမြို့နေ ကိုထွန်း (ဖမ်းမမိ)တို့ ၂ ဦးနှင့်အတူ ရန်နောင်ထွဋ်(ခ) လူစီဖာ(ခ)ရဲရင့်(ခ)လရောင်နှင့် မသက် (ဖမ်းမမိ)တို့၏ စီစဉ်စေခိုင်းမှုဖြင့် မိုင်းထောင်ဖောက်ခွဲမှုကျူးလွန်ခဲ့ကြကြောင်း ပေါ်ပေါက်ပြီး ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် YGN-30 9F-8369 Honda Fit မော်တော်ယာဉ်အား တရားခံတင်ဝင်းလှိုင်(ခ) အငယ်လေးမှ စတစ်ကာအနက်ရောင်ကပ်ကာ ရုပ်ဖျက်ပြင်ဆင်ပေးခဲ့ကြောင်း၊ ဖောက်ခွဲမည့်နေရာသို့ ကိုထွန်း (ဖမ်းမမိ)က မော်တော်ယာဉ်အား မောင်းနှင်ပို့ဆောင်၍ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျ၊ မင်းစံ(ခ)မျိုးဦး(ဖမ်းမမိ) နှင့် မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်းတို့မှ လက်လုပ်ဗုံးများအားချထားခဲ့ကာ မသက် (စိစစ်ဆဲ)မှ အဝေးထိန်းစနစ် အသုံးပြုဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဖောက်ခွဲရာတွင် အသုံးပြုသည့်ဖောက်ခွဲရေးပစ္စည်းများအား ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့်(ခ) လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ) ကိတ်ကိတ် (ခ)တရုတ်လေး၊ အောင်နိုင်ဝင်း (ခ) ကိုဖြိုး၊ ပေရယ်မိုးနိုင်(ခ)သီရိ(ခ)ဘေဘေ တို့ (၅)ဦးက ကြိုတင်စီစဉ်ချိတ်ဆက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် YGN-30 9F-8369 Honda Fit အမျိုးအစား ခဲရောင်မော်တော်ယာဉ်အား သိမ်းဆည်းရမိခဲ့ပါသည်။

၎င်းအပြင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ ညပိုင်းတွင် ဝင်းခန့်ကိုကို (ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျသည် ကိုဇွဲ(ဖမ်းမမိ)၊ မစု(ဖမ်းမမိ)၊ ဆန္ဒ (ဖမ်းမမိ)နှင့် ဒဿ(ဖမ်းမမိ)တို့ ၄ ဦးနှင့်အတူ မော်တော်ယာဉ်ဖြင့် အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အောင်ဆန်းဈေးရှေ့ရှိ လမ်းဘေးအသုပ်ဆိုင်အနီးသို့ သွားရောက်ကာ ဝင်းခန့်ကိုကို (ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျမှ အသုပ်ဆိုင်တွင် ထိုင်နေသည့် ရာအိမ်မှူး ဦးဇော်မင်းထွန်း(၅၂)နှစ်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

အလားတူ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင်လည်း တရားခံ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေးနှင့် မျိုးမြင့် (ခ)ခြူးလေး (ခ)ဂျိမ်းတို့သည် မသက်(ဖမ်းမမိ)၊ ဆန္ဒ(ဖမ်းမမိ)၊ ဒဿ (ဖမ်းမမိ)တို့နှင့်ပူးပေါင်း၍ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မကွေးလမ်းနှင့် ရွှေဝတ်မှုံလမ်းဆုံ၌ အမှတ် (၁၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဦးနှင့် ဇနီးတို့အား ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ နေအိမ်မှ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် Sigsauer အမျိုးအစားအနက်ရောင် ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ 9 mm Luger ကျည်၁၅ တောင့်၊ Golock အမျိုးအစား အနက်ရောင်ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ 9 mm ပွိုင့် ၃၈၀ ကျည် ၁၅၃ တောင့်၊ လက်ပစ်ဗုံး ၁ လုံး၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် နံပါတ်အတုတပ်ဆင်အသုံးပြုသော Toyota Fielder အမျိုးအစား အဖြူရောင်မော်တော်ယာဉ် ၁ စီးတို့ကိုလည်းကောင်းသိမ်းဆည်းရမိခဲ့ပြီး ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၏ဇနီး မသင်းပွင့်စံ(ဖမ်းမမိ)နေထိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ "မိဘဂုဏ်ရည်" အဆောင်၊ အခန်းအမှတ်(၃)သို့ ဆက်လက်ရှာဖွေခဲ့ရာ အခန်းအတွင်းရှိ အိပ်ရာအနီးမှ CZ 75D A 134321 စာတန်းပါ အနက်ရောင်ပစ္စတိုသေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၄ ခု၊ 9 mm Luger ကျည် ၅ တောင့်၊ Thai Arms ကျည် ၄ တောင့် တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၏ ထွက်ဆိုချက်အရ ၎င်းတို့အကြမ်းဖက်အဖွဲ့ဝင်ဖြစ်သည့် မင်းစံ(ခ)မျိုးဦး(ဖမ်းမမိ) နေထိုင်သည့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ချောင်းဦးလမ်း၊ အမှတ်(၃၃၃/က)နေအိမ်မှ အနက်ရောင် ၇၉ ဗုံးပစ်လောင်ချာ ၂ လက်၊ အနက်ရောင် M 16 မောင်းပြန်ရိုင်ဖယ် သေနတ် ၁ လက်၊

စာမျက်နှာ ၃၀ သို့ ●

● စာမျက်နှာ ၂၉ မှအဆက်

ငှင်းကျည်အိမ် ၁ ခု၊ ၄၀ မမကျည် ၅ တောင့်၊ လက်လုပ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် ဆားကစ်ပြား ၅၀၀ ခု၊ နီ/နက်အရောင် အဖွင့်အပိတ်ခလုတ် ၁၀၀ ခု၊ Panasonic စာတန်းပါ ဓာတ်ခဲခြောက် ၁၀ လုံးစီပါ စက္ကူဖာ ၃၀ ဖာ၊ PVC စာတမ်းပါ ဝိုင်ယာကြိုးခွေ ၅ ခွေ၊ ဝိုင်ယာကြိုးပါ ဓာတ်ခဲခြောက်နှင့်တွဲသည့် ကတ်သီး ၃၀၀ ခု၊ ဒီတိုနေတာ ၂၀ ချောင်း၊ ယမ်းကြိုးခွေ ၁ ခွေ၊ မီတာထောက်ကိရိယာ ၂ ခု၊ ကော်အရည်ဖျော် Gun ၁ ခု၊ Remote မျိုးစုံ ၃ ခု၊ အပြာရောင် PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး ၁ လုံး၊ Keypad ဖုန်း ၂ လုံး၊ ဓာတ်ခဲအားသွင်းစက် ၁ ခု၊ ဘက်ထရီစက်ဘီးအားသွင်းကြိုး ၁ စုံ၊ သံပိုက်ဖြင့် ပြုလုပ်ထားသာ လက်လုပ်ဗုံး ၂ လုံး၊ လက်လုပ်ဗုံးပြုလုပ်ရာတွင်အသုံးပြုသည့် သံတိုသံစ ၁ ဖာ၊ မီးတိပ်မျိုးစုံ ၁၇ ခွေ၊ 9 mm Thai Arms ပစ္စတိုကျည် ၉၆ တောင့်၊ 380 Auto USA –A ပစ္စတိုကျည် ၄၈ တောင့်၊ 380 Auto Thai Arms ပစ္စတိုကျည် ၁၃ တောင့်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပါသည်။

ပြစ်မှုကျူးလွန်ခဲ့ကြသည့် ဖမ်းဆီးရမိတရားခံ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ)ကိတ်ကိတ်(ခ)တရုတ်လေး၊ အောင်နိုင်ထင်း(ခ)ကိုဖြိုးတို့ ၃ ဦး၏ ထွက်ဆိုချက်အရ မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာဝင်း၊ ပိတောက်(၃)လမ်း၊ ၅ လမ်းနှင့် ၆ လမ်းကြား၊ အမှတ်(၂၁၆)ဂိုဒေါင်အတွင်း သိုဝှက်သိမ်းဆည်းထားသော လက်လုပ်ရှော့တိုက်ဒုံးများပြုလုပ်ရာတွင် အသုံးပြုသည့်သတ္တုပိုက် ၉ ချောင်း၊ AB ကော်ဘူး ၆ ဘူး၊ သတ္တုဖင်ပိတ် ၉ ခု၊ သတ္တုပြား ၉ ခု၊ သတ္တုတုံး ၉ တုံး၊ မိုလောင်းထားသည့် ထိပ်ဖူး ၉ ခု၊ ဝိုင်ယာကြိုး အနီခွေ ၁ ခွေနှင့် ဝါရှာကွင်း ၃၀ ကွင်းတို့ကိုလည်းကောင်း၊ မိုးစက်အောင်(ခ)ကိတ်ကိတ်(ခ)တရုတ်လေး၊ ဖေရယ်မိုးနိုင်(ခ)သီရိ(ခ)ဘေဘေတို့ ၂ ဦး၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာ(၃)လမ်း၊ အိမ်အမှတ်(၁၀၈)တွင် သိုဝှက်သိမ်းဆည်းထားသော လက်လုပ်ရှော့တိုက်ဒုံးများပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းတုံးမျိုးစုံ ၃၆ တုံး၊ လက်လုပ်ရှော့တိုက်ဒုံး ဒလက်/အမြီး ၃၆ ခု၊ သတ္တု/သံအဝိုင်းပြား ၁၈ ပြား၊ Receiver ၁၀ ခု၊ ရီမု ၁ ခု၊ ဓာတ်ခဲ ၈ လုံး၊ လက်လုပ်ရှော့တိုက်ဒုံးထိပ်ဖူးစနက် ၉ ခု၊ လျှပ်စစ် ဒီတိုနေတာ ၂ ချောင်း၊ ခလုတ် ၄ ခု၊ Audio ဂျက်ပင်ခေါင်း ၅ ခု၊ လက်လုပ်မိုင်းသံကိုယ်ထည် ၆ ခု၊ ၄ လက်မပိုက်အတွင်း သံမှိုများထည့်ထားသည့် လက်လုပ်မိုင်းကိုယ်ထည် ၃ ခု၊ Wifi နှင့် Camera တပ်ဆင်ထားသည့် Receiver ၁ ခုတို့ကိုလည်းကောင်း အသီးသီးထပ်မံသိမ်းဆည်းရမိခဲ့သည်။


ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှုနှင့် အကြမ်းဖက်လုပ်ကြံပစ်ခတ်မှုများကျူးလွန်ခဲ့သူများဖြစ်ကြသည့် ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့်(ခ)လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ)ကိတ်ကိတ်(ခ)တရုတ်လေး၊ အောင်နိုင်ဝင်း(ခ) ကိုဖြိုး၊ ဖေရယ်မိုးနိုင်(ခ)သီရိ(ခ)ဘေဘေ၊ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေးနှင့် မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်းတို့ ၈ ဦးအား ပြစ်မှုများကျူးလွန်စဉ်အသုံးပြုခဲ့သည့်မော်တော်ယာဉ် ၂ စီး၊ လက်နက်မျိုးစုံ ၆ လက်နှင့် ခဲယမ်းများ၊ အကြမ်းဖက်ဖောက်ခွဲမှုနှင့် လက်လုပ်ရှော့တိုက်ဒုံးများပြုလုပ်ရန် ပြင်ဆင်ထားသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာအရေးယူနိုင်ရေး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ အကြမ်းဖက်မှုပြုလုပ်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဖမ်းဆီးရန်ကျန်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေး အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)











သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များ၊ လက်နက်ခဲယမ်းများနှင့် လက်လုပ်ရှော့တိုက်ဒုံးများပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။

## ရွှေပြည်သာနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



လင်းထက်နိုင်(ခ)မိုးဒီ၊ မနေခြည်ဝင်း(ခ)နေခြည်နှင့် ဇော်မင်းထွန်း(ခ)ဇော်ကြီးတို့ကိုသိမ်းဆည်းရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည်ဇန်နဝါရီလ ၃ ရက် နံနက် ၁၁ နာရီခွဲတွင် ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ နဝရတ်လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ လင်းထက်နိုင်(ခ)မိုးဒီကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ရွှေပြည်သာမြို့နယ်၊(ဈ/၁၄) ရပ်ကွက်ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရွှေပြည်သာမြို့နယ်၊ (ဈ/၁၄)ရပ်ကွက်တွင် မနေခြည်ဝင်း(ခ) နေခြည်ကို စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကိုလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်တွင် ဇော်မင်းထွန်း(ခ)ဇော်ကြီးကို စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၉ နာရီခွဲတွင် တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ပါကွေ့(အောက်) ကျေးရွာတွင် မသင်္ကာဖွယ်တွေ့ရှိသူ ပေါလို့အား စစ်ဆေးရှာဖွေရာစိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသိရသည်။

(ရဲပြန်ကြား)

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၆၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၉၁ ကီလို ဖမ်းဆီးရမိ



စိုင်းအိုက်ခုံး(ခ)အိုက်ခုံးနှင့် ကြာဦးတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၁ ရက် ည ၆ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ယန်းလောကျေးရွာအုပ်စု၊ ကျိုင်းဖောင်းကျေးရွာအနီးတွင် မိုင်းပျဉ်းမှ ကျိုင်းတုံဘက်သို့ စိုင်းခမ်းခုံး(ခ)အိုက်ခုံး (၄၁)နှစ်၊ (ဘ)ဦးစိုင်းဆန်ဝုန်း၊ ကွန်ဟိန်းမြို့နယ်နေသူ မောင်းနှင်ပြီး ကြာဦး(၄၂)နှစ်၊ (ဘ)ဦးဟန်သောင်း၊ ရပ်စောက်မြို့နယ်နေသူ လိုက်ပါလာသည့် HINO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၃၆၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၂၆၀ တုံး၊ အလေးချိန် ၉၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့နယ်မှ မြန်မာ–ထိုင်းနယ်စပ်၊ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

### ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၄-၁-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၂.၂ | ၃၆.၀ |
| ပူတာအိုမြို့နှင့် တီးတိန်မြို့ | ၅.၀ | ၄၁.၀ |

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟဲဟိုးမြို့ | ၆.၄ | ၄၃.၅ |
| မချမ်းဘောမြို့ | ၇.၀ | ၄၄.၆ |

- **စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို . . .**
- **ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသား အရင်းအမြစ်များကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများတိုးတက်ပြောင်းလဲလာမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့်အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကိုရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး၊ ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ◆

**နေပြည်တော်၌ စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်ဆီအရောင်းဆိုင်ဖွင့်လှစ်ပြီး သက်သာသည့် ဈေးနှုန်းဖြင့် ပြည်သူများထံတိုက်ရိုက်ဖြန့်ဖြူးရောင်းချ** စာ - ၂၃ သို့

**ဆောင်းပါး**

**မြန်မာ့လွတ်လပ်ရေးကြေညာစာတမ်း၏အနှစ်သာရများနှင့် ဆောင်ရွက်ရမည့်အမျိုးသားရေးတာဝန်များ** စာ - ၁၀ သို့